၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group Issue No.850, January 22, 2012

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: mgthuka@gmail.com , koko@gol.com

စေတနာတခုရှိရုံနဲ့ မရဘူး၊ လုပ်နိုင် ကိုင်နိုင်တဲ့ အရည်အချင်းရှိဖို့လိုပါတယ်၊

ဇန်နဝါရီလ ၁၇ ရက် အင်္ဂါနေ့မနက်ပိုင်းက ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်း မဂ်လာတောင်ညွန့်မြို့နယ် NLD ပါတီ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သည့်မိန့်ခွန်းအပြည့်အစုံကိုအင်တာနက်မှ ကူးယူဖော်ပြလိုက်ပါတယ်၊

"ရုံးခန်းဖွင့်တယ်ဆိုတာက ပြည်သူတွေရဲ့ လိုအပ်ချက်ကိုသိနိုင်ဖို့။ အဲဒါသိမှပဲ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပြည်သူတွေရဲ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှာပါ။ အနစ် ၂၀ ကျော်အတွင်းကျမတို့တတ်နိုင်သလောက်တော့ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးပါတယ်။ ကျေနပ်လောက်အောင် မဟုတ်ပါဘူး။"

"ဒါကို ကျမဝန်ခံပါတယ်။ ဒါပေမဲ့ အခက်အခဲအမျိုးမျိုးအကြားကနေ လုပ်နေတဲ့အခါကျတော့ ကျမတို့လည်း မကျေနပ်ဘူး။ ပြည်သူတွေလည်း မကျေနပ်ဘူး။ ကျမတို့ထပ်ပြီးတော့ လုပ်စရာတွေလည်း အများကြီးရှိတယ်။ လုပ်ဖို့ကြိုးစားပဲ့မယ်။ အခုဆိုလို့ရှိရင် ကြားဖြတ်ရွေးကောက်ပွဲမှာ မဂ်လာတောင်ညွန့်မြို့နယ်မှာ လစ်လပ်နေတဲ့အတွက် ကြောင့်မို့လို့ NLD ကဝင်ပြီးတော့ အရွေးခံမှာဖြစ်ပါတယ်။"

"ကျမတို့ ကိုယ်စားလှယ်တွေကို ဘယ်လိုရွေးသလဲဆိုတာ ကျမနည်းနည်းရှင်းပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်က ပြည်သူတွေက သိပိုင်ခွင့်ရှိပါတယ်။ ဒီမြို့နယ်မှာ ဒီကိုယ်စားလှယ်ကို ဘာဖြစ်လို့ အရွေးခံဖို့ ရွေးသလဲဆိုတာ ဘယ်လိုမူတွေနဲ့ ရွေးသလဲဆိုတာ ပြည်သူတွေမှာ သိပိုင်ခွင့်ရှိပါတယ်။ အဲဒါ ကျမ သတိပေးပါရစေ။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေက အားလုံးကို သိပိုခွင့်ရှိတယ်နော်။ နိုင်ငံနဲ့ပတ်သက်လို့။ ကိုယ်ရဲ့သိပိုင်ခွင့်ကိုလည်း ကိုယ်က ကာကွယ်ရမယ်။ ဘယ်လိုကာကွယ်ရမလဲဆိုတော့ ပထမဦးဆုံးကတော့ မေးခွန်းမေးတတ်ဖို့ပဲ။ တစ်ခုခုဖြစ်ရင် တစ်ခုခုကို အာဏာရှိတဲ့သူတွေဩ ရှိတဲ့သူတွေက လုပ်လို့ရှိရင် ဒီလိုပဲ မခံဘဲနဲ့ ဘာဖြစ်လို့ လုပ်တာလဲဆိုတာကိုတော့ သိချင်တဲ့စိတ်ရှိရမယ်။ လုပ်တဲ့အကြောင်း မှန်ရဲ့လား၊ မမှန်ဘူးလားဆိုတာ ပြည်သူတွေက သိချင်တဲ့စိတ်ရှိရမယ်။"

"အဲဒီစိတ်ပေါ်မှာအခြေခံပြီးတော့ ကိုယ်ကနေပြီးတော့ထောက်ခံသင့်တဲ့သူကို ထောက်ခံရမယ်၊ မထောက်ခံသင့်တဲ့သူကို မထောက်ခံရဘူး။ ဒီတော့ ကျမတို့က ကိုယ်စားလှယ်တွေရွေးတဲ့အခါမှာ အခြေခံအားဖြင့်တော့ ပြည်သူတွေက လေးစားမယ့်သူတွေ ပုဂ္ဂိုလ်တွေကိုကျမတို့ ရွေးရတာပေါ့။ ဒီမိုကရေစီအရေးပေါ်မှာ သစ္စာရှိခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ ဒါပထမ ကျမတို့ အခြေခံပြီးတော့ ကြည့်ပါတယ်။"

"ဒါပေမဲ့ ဒါနဲ့တင်မကသေးပါဘူး။ ကျမတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာဆိုလို့ရှိရင် နှစ် ၂၀ ကျော် အနစ်နာခံလုပ်ခဲ့လို့ ပြည်သူတွေက လေးစားတဲ့သူတွေရှိတယ်။ ဒီမိုကရေစီပေါ်မှာ သစ္စာထားတယ်ဆိုတာကို အနစ်နာခံချက်တွေနဲ့ သက်သေထူခဲ့တဲ့သူတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ ဒါကိုပဲကြည့်ပြီး ရွေးတာမဟုတ်ပါဘူး။"

"အဓိက ပြည်သူ့ကိုယ်စားလှယ်တွေ ရွေးတယ်ဆိုရင် ပြည်သူတွေအတွက် ဘယ်လောက်လုပ်နိုင်မလဲ။ ပြည်သူတွေရဲ့ အကျိုးကို ဘယ်လောက်ထိ ဘယ်လိုနည်းနဲ့ထမ်းဆောင်နိုင်မလဲဆိုတာကို ကြည့်ပြီးတော့ ရွေးတယ်။ ပညာအရည်အချင်းနဲ့ အလုပ်အကိုင် ကျွမ်းကျင်မှု၊ အလုပ်အကိုင်အတွေ့အကြုံကို ကျမတို့ အလေးထားပါတယ်။ပညာကလည်းရှိမယ်၊အလုပ်အကိုင်ကျွမ်းကျင်မှုလည်းရှိမယ်၊ အလုပ်အကိုင်အ

စာမျက်နှာ ၃ သို့

မြန်မာနိုင်ငံရဲ့ ဖြုပြင်ပြောင်းလဲရေး လမ်းမှန်ကို ဦးတည်သွားနေဟု ဆို
စာမျက်နှာ ၄

ကျောင်းသားတပ်မတော်နဲ့ ငြိမ်းချမ်းရေးဒေါ်သံဉာဏ်ဌေးလင်းပြောကြား
စာမျက်နှာ ၇

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှ ဒီလိုင်းအမည်ရှိ စာစောင်ဓတင်ထုတ်ဝေ
စာမျက်နှာ ၁၀

ဂျပန် မြန်မာရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ ဖြိုးရေးဆိုင်ရာ စာချုပ်ချုပ်ဆိုပြီးစီး
စာမျက်နှာ ၁၂

ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုရုပ်သိမ်းရေးမှာ ဌေးကောက်ပွဲတရား မျှတမှုအရေးပါ
စာမျက်နှာ ၁၆

ကချင်လွတ်မြောက်ရေးအဖွဲ့ နဲ့ ဦးသိန်းစိန်အစိုးရ နိုင်ငံရေးတွေ့ဆုံညှိနှိုင်းဆွေးနွေး
စာမျက်နှာ ၁၉

စစ်တပ်မှ အာဏာသိမ်းမည်မဟုတ်ပါ

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို နောက်ကြောင်းပြန်လှည့်မည်မဟုတ်ဟု ဝါရှင်တန်ပို့စ်သတင်းစာနှင့် မေးမြန်းခန်းတွင် သမတဦးသိန်းစိန်မှ အတိအကျပြောဆိုလိုက်သည်။ ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်။ မိမိပြောသည့်စကားကို မိမိတာဝန်ယူနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ပြည်ပရောက် အတိုက်အခံတွေအပါအဝင်၊ အနောက်နိုင်ငံများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှ သိအိုရီ သဘောတရားအရ စိုးရိမ်မကင်းဖြစ်နေကြသည့် "မြန်မာနိုင်ငံတွင် စစ်တပ်မှအာဏာသိမ်းမှုဖြစ်ကောင်းဖြစ်လာနိုင်မည်လော့" ဟူသည့်အချက်ကို သမတဦးသိန်းစိန်မှ အခုလိုတုန့်ပြန်လိုက်သည်ဟု ယူဆသည်။

ဒေါ်အောင်ဆန်းစုကြည်ယုံကြည်ထားသလို သမတဦးသိန်းစိန်မှ အမှန်တကယ်အပြောင်းအလဲကို လိုလားသူဖြစ်သည်ဆိုသည့်အချက်ကို ပိုမိုအားကောင်းစေသည်။ အမှန်တကယ် ပြုပြင်ပြောင်းလဲရေးတွေကို ကြိုးစားလုပ်ဆောင်နေသည်ဟု ပြည်တွင်းပြည်ပ မြန်မာလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ သံသယကင်းကင်းယုံကြည်လာနိုင်စေရန် အရေးကြီးပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းမှလည်း ပြင်သစ်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးအပြီး သတင်းထောက်များကိုပြောဆိုရာတွင် စစ်တပ်မှအာဏာသိမ်းမှု လုံးဝမဖြစ်နိုင်ဟု အခိုင်အမာပြောဆိုလိုက်သည်ဟု သိရပါသည်။

မှန်ပါသည်။ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေသည် နှစ်ပေါင်းများစွာ ရက်စက်ကြမ်းကြုပ်သည့် အာဏာရှင်စနစ်မှ အရပ်သားအစိုးရတက်လာပြီး သိသာထင်ရှားသည့် အပြောင်းအလဲဖြစ်လာသည်မှာ ယုံမှားသံသယရှိစရာမလိုဟု ယူသည်။ ယနေ့အခြေအနေတွင် မည်သူမဆိုအင်တာနက်များအသုံးပြုနိုင်ခြင်း၊ စာပေစိစစ်ရေးမရှိတော့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံများကို လွှတ်လပ်စွာ ဈေးများတွင် ရောင်းချနေကြခြင်း၊ ထင်ရှားသည့်နိုင်ငံရေးခေါင်းဆောင်များလွှတ်မြောက်လာခြင်း၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအားလုံးနီးပါးလွှတ်မြောက်လာခြင်းစသည့် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲလာမှုများသည်မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တက်လှမ်းနေပြီဟု ဆိုနိုင်သည်။

ယခုလို သိသာထင်ရှား ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေပြီဖြစ်၍ အမေရိကန်အပါအဝင် အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့ထားမှုများကို ပြန်လည်ရုပ်သိမ်းပေးရန် သမတဦးသိန်းစိန်မှ တောင်းဆိုပါသည်။ သို့သော် အမေရိကန်အပါအဝင် ဥရောပနိုင်ငံများမှ ဒဏ်ခတ်ပိတ်ဆို့ထားမှုတွေရုပ်သိမ်းရေးသည် လာမည့် ဇူလိုင်လကောက်ပွဲ လွှတ်လပ်တရားမျှတမှုရှိမရှိအပေါ်တွင် မူတည်နေကြောင်း ပြန်လည်တုန့်ပြန်ပြောဆိုထားသည်။

မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါတွင်နိုင်ငံအေးချမ်းသာယာပြီးခေတ်မှီပွဲ့ပြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးသည်ဒီမိုကရေစီလမ်းကြောင်းကလွဲ၍ အခြားနည်းလမ်းမရှိသည်ကို စစ်တပ်အကြီးအကဲများနှင့် နိုင်ငံတော်အစိုးရမှ သိရှိနားလည်လာပုံရသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ ပွဲ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအကူအညီသည် အင်မတန်အရေးကြီးသည်ဟု ယုံကြည်သည်။ နိုင်ငံတကာ၏ယုံကြည်မှုခိုင်ခိုင်မာမာရှိလာနိုင်အောင် သမတဦးသိန်းစိန်အစိုးရအနေဖြင့် ကြိုးစားလုပ်ဆောင်ရန်များစွာလိုအပ်နေသေးကြောင်း၊ ဆက်လက်လုပ်ဆောင်ပါရန်တိုက်တွန်းရေးသားလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြေညာချက် နှစ်ခု ထုတ်ပြန်

DVB၊ ဂျနှစ်၀ါရီ ၁၉ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ရက်စွဲနဲ့ ကြေညာချက်နှစ်ခု ထုတ်ပြန်ခဲ့ပါတယ်။

တခုက အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ အတွင်းရေးမှူးအဖွဲ့ တာဝန်ပေးလိုက်တာဖြစ်ပြီး၊ နောက်တခုက ပါတီဝင်လျှောက်လွှာတွေနဲ့ပတ်သက်တဲ့ ကြေညာချက်တွေဖြစ်ပါတယ်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ ဦးဉာဏ်ဝင်း၊ ဦးအုန်းကြိုင်နဲ့ ဦးဟံသာမြင့်တို့ ၃ ဦးကို အတွင်းရေးမှူးအဖွဲ့ဝင်တွေအဖြစ် တာဝန်ပေးလိုက်တဲ့အပေါ် အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းက ခုလိုပြောပါတယ်။

"ကျနော်တို့ နဂိုကတည်းက ဖွဲ့စည်းပုံမှာ အတွင်းရေးမှူးအဖွဲ့ ပါပါတယ်။ အရင်တခါ စီအီးစီ ဖွဲ့တဲ့အခါမှာ ကျနော်တို့ အတွင်းရေးမှူး မပါသွားသေးဘူး။ အဲဒါ ဖွဲ့စည်းပုံနဲ့အညီ အခု ထပ်ပြီးတော့ အတွင်းရေးမှူး ၃ ယောက် ဒီနေ့ဆုံးဖြတ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေး၊ စီးပွားရေး အားလုံး ထောက်ပံ့ပေးဖို့ပေါ့ဗျာ အဓိက ကတော့။"

ပါတီဝင်လျှောက်လွှာတွေရဲ့ ကြေညာချက်နဲ့ပတ်သက်ပြီးလည်း ဦးဉာဏ်ဝင်းက ခုလို ပြောပါတယ်။

"လျှောက်လွှာတွေ ကိစ္စကို မြို့နယ်တွေမှာ သူတို့ စိစစ်တယ် ဘာညာ ဒီလိုလုပ်ရင် ကျနော်တို့က ဒီမိုကရေစီပါတီဆိုတာ စိစစ်ဖို့ မလိုဘူး။ ဝင်ချင်တဲ့လူ ဝင်ခွင့်ပေးမယ်။ ဝင်ဖို့ မသင့်တဲ့ လူကိုတော့ ကျနော်တို့ တမျိုးစဉ်းစားမယ်ဒါပဲ။ အများကိုတော့ ဝင်ခွင့်ပေးမယ်၊ အဲဒီတော့ အောက်ခြေမှာ အယူအဆတွေ လွဲမှားစိုးလို့ အားလုံးကိုလက်ခံပြီးတော့ ကျနော်တို့ဆီတင်ပေးဖို့ ကျနော်တို့ အဲဒီလို ထုတ်လိုက်တာပါ။"

အဲဒီကြေညာချက်မှာပဲ အဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းတွေ နယ်မြေကွင်းဆင်းကြတဲ့အခါ ဗဟိုအောင်နိုင်ရေးအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့အခြားပါတီအဖွဲ့အစည်းတွေနဲ့ ပါဝင်ဆောင်ရွက်ကြဖို့ဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။

ဒီအချက်ဟာ ဆက်သွယ်တာကို တားမြစ်တာမဟုတ်ဘဲအောင်နိုင်ရေးအဖွဲ့ရဲ့ သဘောတူညီချက်နဲ့လုပ်ဖို့ ပြောတာလို့ ဦးဉာဏ်ဝင်း ကရှင်းပြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်း ၄၈ ဦးစလုံးရဲ့ နာမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

တွေ့အကြုံလည်းရှိမယ်ဆိုမှ ပြည်သူတွေအတွက် လုပ်သင့် လုပ်ထိုက်တာကို လုပ်ပေးနိုင်မှာပါ။"

"ဘာဖြစ်လို့လဲဆိုတော့ စေတနာတခုရှိရုံနဲ့မရဘူး၊ လုပ်နိုင် ကိုင်နိုင်တဲ့အရည်အချင်းရှိဖို့လဲလိုပါတယ်။ နောက်ပြီးတော့ အမျိုးသမီးတွေကို ဦးစားပေးရွေးမယ်လို့ဆုံးဖြတ်ပါတယ်။ အဲဒီတော့အမျိုးသမီးရွေးမယ်ဆိုတာက နိုင်ငံတစ်နိုင်ငံမှာ အမျိုးသမီးတဝက်၊ အမျိုးသားတဝက်ဆိုပါတော့။ တိတိကျကျတော့မဟုတ်ပါဘူး။ အဲဒီလို အင်အားတွေအားလုံးနိုင်မှ တိုးတက်မှုကမြန်ဆန်မယ်။ တိုးတက်မှုက တည်တည်ငြိမ်ငြိမ်ဖြစ်သွားမယ်။ ဒါကြောင့် အမျိုးသမီးတွေကို ဦးစားပေးမယ်။ နောက်ပြီးတော့ တိုင်းရင်းသူ တိုင်းရင်းသားတွေကို ဦးစားပေးမယ်။ ဒီလိုပြောတဲ့အခါမှာ ဗမာဆိုတာလည်း တိုင်းရင်းသူ၊တိုင်းရင်းသားထဲက တမျိုးပဲဆိုတာ သတိပေးချင်ပါတယ်။ တိုင်းရင်းသူ တိုင်းရင်းသားတွေလို့ ပြောတဲ့အခါကျရင် လူများစုမဟုတ်တဲ့ တိုင်းရင်းသူ တိုင်းရင်းသားတွေကို ဦးစားပေးရမယ်။"

ဒါဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်တာဖြစ်ပါတယ်။ နောက်ပြီး ကျမတို့ လူငယ်တွေကိုလည်း တတ်နိုင်သမျှ ရှေ့တန်းထုတ်ပါ့မယ်။ လူငယ်တွေကို နောက်ဆုံးထားတာက လူငယ်တွေကို အလေးမထားလို့မဟုတ်ပါဘူး။ ဒါပေမဲ့ ပညာတတ်တွေထဲမှာလည်း လူငယ်တွေပါသွားမယ်။ ပညာတတ်တွေ၊ အလုပ်ကျွမ်းကျင်တဲ့သူတွေထဲမှာလည်း လူငယ်တွေပါသွားမယ်။ အမျိုးသမီးတွေထဲမှာလည်း လူငယ်တွေပါမယ်။ တိုင်းရင်းသူတိုင်းရင်းသားတွေထဲမှာလည်း လူငယ်တွေပါမယ်ဆိုတော့ လူငယ်တွေကို သက်သက်ရယ်လို့ကျမတို့က မထားဘဲနဲ့တတ်နိုင်သလောက်တော့ ထည့်မယ်ဆိုပြီးတော့ ကျမတို့ ဒီလိုစဉ်းစားထားတာဖြစ်ပါတယ်။ ကျမတို့ မဂ်လာတောင်ညွှန့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းအဖြစ်နဲ့ အရွေးခံဖို့ ဒေါ်ဖြူဖြူသင်းကိုရွေးထားပါတယ်၊ဖြူဖြူကိုရွေးရတဲ့အကြောင်းကိုရှင်းပြချင်ပါတယ်။"

"ဖြူဖြူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာ လူငယ်ကနေစပြီးတော့ လုပ်ခဲ့တာပါ။ အမှန်ပြောရင် ကျမတို့ရုံးမှာ သတိတောင်မှ မထားမိဘူး။ နေ့တိုင်း နေ့တိုင်း ကိုယ့်စရိတ်နဲ့ကိုယ် လာပြီးတော့အလုပ်တွေလုပ်သွားတဲ့ လူငယ်တွေထဲက တယောက်ပါပဲ။"

"အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်နဲ့ ဘာမှ အသံမကြားရဘဲနဲ့အလုပ်ကိုပဲ ကျေကျေပွန်ပွန်လုပ်တဲ့ လူငယ်တွေထဲမှာ ပါပါတယ်။ ၂၀၀၁ ကျတော့ ကုလသမဂ္ဂနေပြီးတော့ HIV/AIDS နဲ့ပတ်သက်လို့ သင်တန်းတွေလုပ်ပေးပါတယ်။ လုပ်ပေးတော့ ကျမကလည်းကျမတို့လူငယ်တွေလည်း ဒီလိုရောဂါသည်တွေကို ကူညီနိုင်ဖို့၊ ရောဂါမပျံ့ပွားဖို့လုပ်တဲ့နေရာမှာ တက်တက်ကြွကြွနဲ့ပါဝင်စေချင်လို့ ဒီသင်တန်းကို ကျမတို့ လူငယ်အယောက် ၂၀ လွှတ်လိုက်ပါတယ်။ အယောက် ၂၀ လွှတ်တဲ့အထဲမှာ တကယ်ထူးထူးချွန်ချွန်နဲ့ အားလုံး သိလာတာ ကတော့ ဖြူဖြူပါပဲ။ ပါရမီလည်းပါတယ်၊ စိတ်ဓာတ်လည်းပါတယ်၊ ပြည်သူရဲ့အကျိုးကို ထမ်းဆောင်ချင်တဲ့ စေတနာလည်း ထက်သန်တာလည်းပါပါတယ်။ လုပ်နိုင်ကိုင်နိုင်တာလည်းပါပါတယ်။"

"စေတနာရှိပြီးတော့ မလုပ်နိုင် မကိုင်နိုင်ဆိုလို့ရှိရင် မလုပ်နိုင်မကိုင်နိုင်လို့ရှိရင် ဖြူဖြူက တကယ်ပဲ ပြည်သူ့အကျိုးထမ်းဆောင်ချင်တဲ့စိတ်ရှိရုံမကဘူး၊ ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာကို သက်သေနဲ့ကိုပြနိုင်လို့ မဂ်လာတောင်ညွှန့်မြို့နယ်အတွက် ကျမတို့ရွေးချယ်လိုက်တာဖြစ်ပါတယ်။ ကျမတို့ရဲ့ပြည်သူအများစုက ဆင်းရဲမှုနဲ့ရုန်းကန်နေရတယ်ဆိုတာကို နားလည်ပါတယ်။ ဒီလိုရုန်းကန်နေရတဲ့နေရာမှာ ပြည်သူတွေရဲ့စိတ်ဆန္ဒကို နားလည်ပြီးတော့ ပြည်သူတွေရဲ့ဒုက္ခတွေကို တတ်နိုင်သလောက် ကျဆင်းသွားအောင်လုပ်ပေးနိုင်မယ့် ကိုယ်စားလှယ်တွေကို ကျမတို့ ရွေးမှာဖြစ်ပါတယ်။"

"အခုရွေးကောက်ပွဲမှာဆိုလို့ရှိရင် လစ်လပ်တဲ့နေရာက ၄၈ နေရာပဲရှိပါတယ်။ တချို့ကတော့ ပြောမှာပေါ့။ ၄၈ ယောက်တည်းနဲ့ ဘာလုပ်နိုင်မှာမို့လို့လဲ။ လွှတ်တော်ထဲမှာ ၄၈ ယောက်တည်းနဲ့ဘာလုပ်နိုင်မှာမို့လို့လဲလို့ မေးတဲ့သူတွေရှိတယ်။ ကျမကတော့ ယုံကြည်ချက်ရှိတယ်။ တကယ်စိတ်ဆန္ဒရှိလို့ရှိရင် လူတယောက်တောင်မှ တိုင်းပြည်တပြည်ကို လှုပ်ရှားအောင်လုပ်နိုင်တယ်။ ကျမတို့က ကျမတို့ကိုယ်စားလှယ်တွေမှာ နှစ်ခုရှိသွားပြီ။ တခုက ကိုယ့်ကိုယ် ရွေးချယ်ပေးလိုက်တဲ့ မြို့နယ်အတွက်တာဝန်၊ နောက်တခုက တတိုင်းပြည်လုံးအတွက်တာဝန်။ နှစ်ခုစလုံးကို တပြိုင်နက် ထမ်းဆောင်သွားရမှာပါ။ နှစ်ခုစလုံးကို တပြိုင်နက်ထမ်းဆောင်နိုင်မယ့်သူမျိုးကို ကျမတို့ရွေးတာဖြစ်ပါတယ်။ ရွေးချယ်တာတွေအားလုံးက အမြဲပဲ မှန်နိုင်မလားလို့မေးနိုင်ပါတယ်။"

"မေးရမယ့်မေးခွန်းပဲ။ လုံးဝတစ်ရာရာခိုင်နှုန်းအာမခံနိုင်ပေမယ့် ဖြူဖြူအတွက်တော့ ရဲရဲကြီးအာမခံနိုင်ပါတယ်။ ပြည်သူတွေကလည်း ကိုယ့်ကိုယ်စားလှယ်တွေကို ကိုယ်ထိန်းထားရမယ်။ မမေ့နဲ့နော် ဒီကိုယ်စားလှယ်တွေက ကိုယ်ရွေးချယ်မှ နေရာရမယ့်သူတွေ၊ ကိုယ့်လက်ထဲမှာ သူတို့ရဲ့ကံကြမ္မာက ရှိတယ်ဆိုတာ ပြည်သူက အဲဒီလိုယုံကြည်ချက်နဲ့လုပ်ပါ။ ကိုယ်ရဲ့ကိုယ့်ကံကြမ္မာက သူ့လက်ထဲမှာ မဟုတ်ဘူး။ သူ့ကံကြမ္မာက ကိုယ်လက်ထဲမှာဆိုတာ သိထားပါ။ ကိုယ်ဖြစ်စေချင်တဲ့ကိုယ်စားလှယ်မျိုးဖြစ်အောင် ပြည်သူတွေက ဝိုင်းပြီးတော့ လုပ်ပေးရမယ်။ ကိုယ်လိုချင်တဲ့ပုံစံဖြစ်အောင် ပြည်သူတွေက ဝိုင်းပြီးတော့ ထိန်းသွားရမယ်။ ဒါ ဒီမိုကရေစီရဲ့ အရေးကြီးဆုံးအချက်တခုပဲ။"

"ဘာဖြစ်လို့လို့ ဒီမိုကရေစီ ဒီမိုကရေစီပဲလို့ပြောနေလဲဆိုတော့ နောက်ဆုံးတော့ ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကို ဆုံးဖြတ်ဖို့ကပြည်သူတွေရဲ့လက်ထဲမှာပဲရှိနေတယ်။ အဲဒါကြောင့်မို့လို့ ဒီမိုကရေစီစနစ်ကိုလိုလားတာပါ၊ ပြည်သူတွေက ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ရှိတယ်ဆိုရင်ကိုယ်ရဲ့ချမ်းသာမှုအတွက်ပဲလုပ်မှာပေါ့၊ဘယ်သူကမှကိုယ့်ကိုယ်ကိုယ်ဆင်းရဲအောင်မလုပ်ဘူး၊ဒါကြောင့်မို့လို့ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်အောင်လုပ်ပေးတဲ့စနစ်ကို လက်ခံကြပါ၊ အားပေးကြပါလို့ ကျမကမေတ္တာရပ်ခံချင်ပါတယ်။"

" ၁ ရက်နေ့ကျလို့ရှိရင် ရွေးကောက်ပွဲတွေလုပ်တဲ့အခါကျရင် ငါတို့ရဲ့ ပြည်သူပြည်သားတွေက ငါတို့ရဲ့ကံကြမ္မာကို အတိုင်းအတာတခုအထိ ဆုံးဖြတ်ပိုင်ခွင့်ရပြီဆိုပြီးတော့ မဲပေးခွင့်ရှိတဲ့သူအားလုံး မဲပေးကြပါ။ မဲပေးတဲ့အခါလည်း ဖြူဖြူကိုပဲ မဲပေးကြပါ။ မဲစာရင်းမပါရင် ကျမတို့အဖွဲ့ချုပ်ကိုပြောလို့ရတယ်။ ပညာပေးအစီအစဉ်များ ပြုလုပ်မည်။ ရပိုင်ခွင့်ဆိုတာ တာဝန်အမြဲဒွန်တွဲနေတယ်ဆိုတာသတိပေး ပါရစေ။ ပြည်သူတွေမှာ မဲပေးပိုင်ခွင့်ရှိပေမယ့်လည်း ကိုယ့်မှာလည်းလုပ်

စာမျက်နှာ ၄ သို့

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လမ်းမှန်ကို ဦးတည်သွားနေဟု ဆို

VOA ၊ ဇန်နဝါရီ ၁၆ ။ ။ မြန်မာနိုင်ငံမှာ တကယ်ဖြစ်နေတဲ့ အပြောင်းအလဲတွေဟာ မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်သွားနေပြီ ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးအပြီးမှာ ပိုပြီးလက်ခံသွားတယ်လို့ မြန်မာနိုင်ငံမှာ ရောက်နေတဲ့ အမေရိကန် ဆီးနိတ် လွှတ်တော်အမတ် မစ်ချ်မက်ကောနဲလ် (Mitch McConnell) က ပြောလိုက်ပါတယ်။ ဇပြီ လမှာလုပ်မယ့် ရွေးကောက်ပွဲတွေမှာ လွတ်လပ်မျှတမှု ရှိမရှိ၊ တိုင်းရင်းသားအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး ဆောင်ရွက်မှုတွေအပေါ်မှာမူတည်ပြီး မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အမေရိကန် အစိုးရရဲ့ အရေးယူဒဏ်ခတ်မှုတွေကို သင့်တော်သလို တုံ့ပြန်သွားမယ်လို့ မစ္စတာမက်ကောနဲလ်က ပြောခဲ့တဲ့အကြောင်း ဘန်ကောက်ရုံးကမစ္စမြတ်မွန်က အပြည့်စုံအစီရင်ခံထားပါတယ်။

အမေရိကန်အစိုးရက ၂၀၀၃ ခုနှစ်ကတည်းက အရေးယူဒဏ်ခတ်ထားတဲ့ မြန်မာနိုင်ငံ လွတ်မြောက်မှုနဲ့ ဒီမိုကရေစီ အက်ဥပဒေကို ကွန်ဂရက်စ်လွှတ်တော်မှာ အတည်ပြု နိုင်ရေးအတွက်တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သူတယောက်ဖြစ်သလို မြန်မာ့ဒီမိုကရေစီရေးအတွက် အစဉ်တစိုက်အားပေးနေတဲ့ ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်မစ်ချ်မက်ကောနဲလ်ဟာ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အပြောင်းအလဲတွေကို အမေရိကန်က အင်မတန်အားရသလို ဒီအပြောင်းအလဲ တွေဟာမှန်ကန်တဲ့ဘက်ကိုဦးတည်သွားနေတယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံ ဆွေးနွေးအပြီးမှာ ပိုပြီးလက်ခံမိတယ်လို့ဆီးနိတ်လွှတ် တော်ရဲ့ လူနည်းစု ခေါင်းဆောင်လည်းဖြစ်တဲ့ အမတ်မစ်ချ် မက်ကော်နဲလ်ကပြောပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်သံအမတ်ထားဖို့ သင့်တော်ပြီဆိုတာကိုလည်း သူလက်ခံကြောင်းနဲ့ မကြာခင်လုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲတွေ လွတ်လပ် မျှတမှုရှိရေးနဲ့ ပတ်သက်လို့လည်း အခုလို ပြောသွားပါတယ်။

"ဇပြီလ ၁ ရက်နေ့မှာလုပ်မယ့် ရွေးကောက်ပွဲတွေ လွတ်လပ်မျှတမှုရှိတာကိုလည်း ကျနော်တို့ မြင်ချင်ပါတယ်၊ လွတ်လပ်မျှတမှုရှိမယ် ဆိုရင်တော့ အမေရိကန်က မြန်မာနိုင်ငံကို အရေးယူထားတဲ့ဒဏ်ခတ်မှုတွေကို သင့်တော်သလို ပြင်ဆင်သွားရေး နောက်ထပ် စဉ်းစားသင့်တယ်"လို့ယူဆတဲ့အကြောင်းကို ဆီးနိတ်လွှတ်တော်အမတ်မစ်ချ်မက်ကောနဲလ်က ပြောသွားတာဖြစ်ပါတယ်။ အမေရိကန်ရဲ့စီးပွားရေးအရ အရေးယူဒဏ်ခတ်မှုတွေဖယ်ရှားရေးကို ဦးသိန်းစိန်အစိုးရက လိုလားနေချိန်မှာ ဒီဒဏ်ခတ်မှုတွေ ဖယ်ရှားရေးအတွက် ဘာတွေလုပ်ရမယ်ဆိုတာကို မြန်မာအစိုးရက သိပါတယ်လို့လည်း သူက သတင်းစာရှင်းလင်းပွဲမှာ အခုလို ပြောသွားပါတယ်။

"အမေရိကန်နဲ့မြန်မာအစိုးရကြားတိုက်ရိုက်ဆွေးနွေးမှုတွေအရ သူတို့ လုပ်ရမယ့်ကိစ္စတွေက ဘာလဲဆိုတာကို သိပါတယ်။ အခုအချိန်မှာ လူနည်းစုတိုင်းရင်းသားအဖွဲ့တွေနဲ့ ဆက်ဆံရေး တိုးတက်ရေးကိစ္စကို အမေရိကန်က အဓိက အာရုံစိုက်ချင်ပါတယ်။ KNU ကရင် အဖွဲ့နဲ့မကြာခင်က အပစ်အခတ်ရပ်စဲခဲ့တာဟာ မှန်ကန်တဲ့လမ်းကို သွားနေတဲ့ထဲက အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ တခြားတိုင်းရင်းသားအဖွဲ့တွေနဲ့လည်း အလားတူ တိုးတက်မှုတွေ ရှိလာမယ်ဆိုရင် အမေရိကန်က ပိတ်ဆို့ အရေးယူမှုတွေ ဖယ်ရှားရေးကို စဉ်းစားနိုင်တဲ့ ရှေ့တိုးဆောင်ရွက်မှုအဖြစ် လက်ခံပါလိမ့်မယ်၊" - လို့ ပြောသွားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နောက်ထပ်အပြောင်းအလဲတွေ လုပ်စရာအများကြီး ရှိနေသေးတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံမှာလုပ်နေတဲ့ မှန်ကန်တဲ့ ဆောင်ရွက်မှုတွေအပေါ်မှာ အမေရိကန်က တုံ့ပြန်သွားမှာ ဖြစ်ကြောင်းကိုလည်း သတင်းစာရှင်းလင်းပွဲမှာ ထပ်တလဲလဲ ပြောသွားပါတယ်။ အဓိက ကတော့ အမေရိကန်ဘက်က တိုးတက်တယ်လို့ယူဆတဲ့ကိစ္စတွေအပေါ်မှာ သုံးသပ်တုံ့ပြန်သွားမှာဖြစ်တယ်လို့ ပြောသွားခဲ့တာပါ။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေအပါအဝင် ထင်ရှားတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ် ပေးခဲ့ပြီးပြီးချင်းမှာပဲ အမေရိကန်က မြန်မာနိုင်ငံမှာအမေရိကန်ဆိုင်ရာ သံအမတ်ကို ပြန်လည်ထားရှိမယ်လို့ ကြေညာခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) စာရင်းအရ လွှတ်ပေးခဲ့တာ ဖြစ်တယ်ဆိုတဲ့ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုရဲ့ပြောကြားချက်နဲ့ ပတ်သက်လို့တော့ ဒေါ်အောင်ဆန်းစုကြည် က သတင်းစာရှင်းပွဲမှာ အခုလို ပြောခဲ့ပါတယ်။

"NLD စာရင်းအပေါ်မှာအခြေခံပြီး နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးခဲ့တာ ဖြစ်တယ်လို့ ပြည်ထဲရေးဝန်ကြီးက ပြောခဲ့ပါတယ်။ ဒါကြောင့် NLD က ဒီစာရင်းကိုပြန်စိစစ်ပြီး လွတ်မြောက်ဖို့ နိုင်ငံရေးအကျဉ်းသားဘယ်နှစ်ယောက် ကျန်နေသေးတယ်ဆိုတာကိုကြည့်မယ်"လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားတာဖြစ်ပါတယ်။ ဆီးနိတ် အမတ် မက်ကောနဲလ်ဟာ ဒီမိုကရေစီနိုင်ငံက ဝါရင့်နိုင်ငံရေးသမားတစ်ယောက်ဖြစ်ရုံမက မြန်မာနိုင်ငံမှာ ဘာတွေလုပ်ဖို့ လိုအပ်သလဲဆိုတာကို အနီးကပ်စောင့်ကြည့်နေတဲ့သူဖြစ်တဲ့ အတွက် သူ့ရဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာ စိတ်ချတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်တွေကို ပြောပါတယ်။

ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့တဲ့ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် မစ်ချ်မက်ကောနဲလ်ဟာ မနက်ဖြန်ကျရင်တော့ နေပြည်တော်မှာ သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံမှာဖြစ်ပါတယ်။မြန်မာနိုင်ငံအခြေအနေတိုးတက်ဖို့အတွက် သမ္မတနဲ့ တွေ့ဆုံဆွေးနွေးဖို့ သူ့အနေနဲ့စိတ်အားထက်သန်နေပါတယ်ဆိုတာကိုလည်း ဒေါ်အောင်ဆန်းစုကြည်အိမ်မှာ သတင်းထောက်တွေကို ပြောသွားခဲ့ပါတယ်။

စာမျက်နှာ ၃ မှ

ရမယ့်တာဝန်လေးတွေရှိပါတယ်။ ဒါကြောင့် ကျမတို့ ပညာပေးအစီ အစဉ်တွေလည်းလုပ်ပါ့မယ်။ အားလုံးက တတ်နိုင်သမျှ ကိုယ့်မှာတာဝန်ရှိတယ်ဆိုပြီး မဲပေးကြပါ။ ငါတယောက်မဲပေးလို့ ဘာထူးမလဲဆိုတဲ့ စိတ်ကို မထားပါနဲ့ ။"

"လူတိုင်းလူတိုင်းကအရေးကြီးတယ်။ တယောက်ကစမှ တထောင် တသောင်း တသိန်း တသန်း ကုဋေကုဋ္ဌာဆိုတာဖြစ်နိုင်ပါတယ်။ နံပါတ်တစ်က မစဘဲနဲ့ ဟိုးကုဋေကုဋ္ဌာအထိမဖြစ်နိုင်ဘူး။ အဲဒီတော့

စာမျက်နှာ ၅ သို့

ကြားဖြတ်ရွေးကောက်ပွဲ လွတ်လပ်မျှတရေး ပြင်သစ် ဝန်ကြီးတိုက်တွန်း

VOA ၊ ဇန်နဝါရီ ၁၅ ။ ။ မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသား တော်တော်များများကို လွှတ်ပေးလိုက်တာနဲ့ပတ်သက်ပြီး ပြင်သစ်နိုင်ငံက အကောင်းမြင်ကြိုဆိုလိုက်ပြီး ဇူလိုင် ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း လွတ်လပ်ပြီး တရားမျှတမှုရှိဖို့ အတွက်လည်း ပြင်သစ်နိုင်ငံက တိုက်တွန်းလိုက်ပါတယ်။ မြန်မာနိုင်ငံကို ရောက်နေတဲ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အလန်ယူပေဟာ ဒီကနေ့ မနက်က ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံအပြီး သတင်းထောက်တွေကိုအခုလို ပြောခဲ့တာဖြစ်သလို မြန်မာအစိုးရရဲ့ ဒီမိုကရေစီပြုပြင်ရေး လုပ်ငန်းတွေပေါ်မှာမူတည်ပြီး အီးယူ ဥရောပသမဂ္ဂရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို တစ်ဆင့်ချင်းဆီ ရုပ်သိမ်းသွားမယ်လို့လည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောလိုက်ပါတယ်။ ဒီသတင်း အပြည့်စုံကို မသင်းသီရိက တင်ပြထားပါတယ်။

ဇန်နဝါရီလ ၁၅ ရက် တနင်္ဂနွေနေ့ မနက်ပိုင်းက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ရန်ကုန်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာ ၁ နာရီကျော်ကြာ တွေ့ဆုံပြီး မြန်မာ့အရေးကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးမှုအပြီး သတင်းထောက်တွေကို နေအိမ်ရှေ့မှာ တွေ့ဆုံစဉ်အတွင်း ပြင်သစ်အစိုးရရဲ့ လက်ရှိမြန်မာနိုင်ငံအပေါ် သဘောထားနဲ့အတူ သူတို့ ၂ ဦး ဆွေးနွေးခဲ့ကြတဲ့ အခြေအနေတချို့ကို ရှင်းပြခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ပြင်သစ်ဘာသာစကားနဲ့လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေတချို့နဲ့ ပတ်သက်လို့ သတင်းထောက်တွေကို ပြောခဲ့ရာမှာတော့ -

"လွတ်ငြိမ်းချမ်းသာစွင့်နဲ့လွှတ်ပေးတဲ့အထဲ အကျဉ်းသား ၆၅၀ ကျော်ထဲမှာ မြန်မာနိုင်ငံ ဒီမိုကရေစီရေးအတွက် ကြိုးစားရင်း အဖမ်းခံခဲ့ကြရတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေအပြင် ရွှေဝါရောင်တော်လှန်ရေးတွင်း အဖမ်းခံခဲ့ကြရတဲ့ ရဟန်းသံဃာတွေနဲ့ အခြားနိုင်ငံရေး အကျဉ်းသားအတော်တော်များများအကျဉ်းထောင်တွင်းက လွတ်မြောက်လာကြပါပြီ။ ဒါဟာ ဒီမိုကရေစီ ထွန်းကားရေးအတွက် တိုးတက်တဲ့ ပြောင်းလဲမှုတွေလို့လက်ခံထားပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေးနဲ့အမျိုး သားပြန်လည်သင့်မြတ်ရေးတွေမှာ အားလုံး ပါဝင်လာနိုင်ရေးအတွက်လို အပ်ပါသေးတယ်။"- လို့ ပြင်သစ်ဘာသာစကားနဲ့ပြောသွားတာပါ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့လူအခွင့်အရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းစေဖို့ ပြင်သစ်နိုင်ငံအပါအဝင် အီးယူ ဥရောပသမဂ္ဂလိုအဖွဲ့တွေက နှစ်ပေါင်းများစွာကတည်းက အတူတကွပူးပေါင်း ကူညီလာခဲ့ကြတာပါ။ အခုလည်း မြန်မာနိုင်ငံအတွက် ဆက်ပြီးကူညီကြဦးမယ်ဆိုတာကို ယုံကြည်ထားပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြင်သစ်ဘာသာစကားနဲ့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး အလန်ယူပေကတော့ ဒေါ်အောင်ဆန်းစုကြည် ခုလိုပြင်သစ်လိုပြောခဲ့တာကို ကျေးဇူးတင်ကြောင်းနဲ့ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေတချို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားတော်တော်များများ လွတ်လာတာကို ပြင်သစ်နိုင်ငံကအကောင်းမြင်ကြောင်း အခုလိုပြောပါတယ်။

"ကျနော်တို့ပြင်သစ်နိုင်ငံအပါအဝင် နိုင်ငံတကာက အခု သမ္မတဦးသိန်းစိန်နဲ့အတူ မြန်မာအစိုးရရဲ့ လက်ရှိ လုပ်ဆောင်ချက်တွေအပေါ် အကောင်းမြင် ကြိုဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားတဲ့ ဇူလိုင် ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း လွတ်လပ်ပြီး တရားမျှတမှုရှိဖို့ကို ပြင်သစ်ကတိုက်တွန်းပါတယ်။" - လို့ ဝန်ကြီး အလန်ယူပေက ပြောခဲ့တာပါ။

တိုင်းရင်းသားအဖွဲ့တချို့နဲ့ အောင်အောင်မြင်မြင် သဘောတူနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စတွေအပြင် လက်ရှိ မြန်မာနိုင်ငံတွင်းက အပြောင်းအလဲတွေဟာ ဒီမိုကရေစီစနစ်အတွက် အကောင်းဘက်ကို ဦးတည်နေတယ်လို့မြင်ကြောင်းလည်း ပြောပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ရှေ့အလားအလာအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးတွေမှာ တိုင်းရင်းသားအားလုံးပါဝင်ဖို့လိုတယ်လို့သူကဆိုပါတယ်။ဒါ့အပြင် မြန်မာနိုင်ငံပေါ် အီးယူအဖွဲ့ရဲ့ စီးပွားရေးပိတ်ဆို့ဒဏ် ခတ်ထားမှုအခြေအနေနဲ့ပတ်သက်လို့ သတင်းထောက်တယောက်ရဲ့ အမေးကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အလန်ယူပေက ပြန်ဖြေရာမှာတော့ -

"မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲလာမှု အခြေအနေတွေပေါ်မှာ မူတည်ပြီး ပြင်သစ်အပါအဝင် အီးယူဥရောပသမဂ္ဂက ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို တဆင့်ချင်းဆီ လျော့ချသွားမှာလို့ သတင်းထောက်တွေကိုဖြေခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ပြင်သစ်နိုင်ငံကနေ ရောက်လာကြတဲ့ သတင်းထောက်တွေကို ဒေါ်အောင်ဆန်းစုကြည်က သီးသန့်တွေ့ဆုံခဲ့ပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို ပြင်သစ်နိုင်ငံက အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့ Legend Of Honor ဆု ချီးမြှင့်တဲ့ပွဲအခမ်းနားကိုလည်း ဒီကနေ့ညနေက ရန်ကုန်မှာရှိတဲ့ ပြင်သစ်သံအမတ်ကြီးရဲ့ နေအိမ်ခြံဝင်းမှာ ကျင်းပခဲ့ကြပါတယ်။ မြန်မာ နိုင်ငံကိုရောက်နေတဲ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အလန်ယူပေဟာ မနက်ဖြန် တနလ်ာနေ့မှာတော့ သမ္မတဦးသိန်းစိန်နဲ့အတူ အစိုးရအဖွဲ့က တာဝန်ရှိသူတချို့နဲ့ နေပြည်တော်မှာ တွေ့ဆုံမှာဖြစ်သလို ဒါဟာ ပြင်သစ်အစိုးရအဖွဲ့ထဲမှာ အဆင့်မြင့်ဆုံးအရာရှိတစ်ဦးရဲ့ ပထမဆုံးသမိုင်းဝင် မြန်မာပြည်ခရီးစဉ် တစ်ခုလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၄ မှ

တဦးချင်းက ကိုယ့်တာဝန်ကို သိသိနဲ့ မဲပေးဖို့ဆုံးဖြတ်ကြပါ။ မဲပေးရတယ်ဆိုတာက ဂုဏ်ယူသင့်တဲ့ကိစ္စပါ။ ငါက ငါရဲ့တာဝန်ကိုပြည်သူတယောက်ရဲ့တာဝန်ကို ကျေပွန်တယ်ဆိုပြီးမဲထည့်လိုက်ရင်ကိုယ် မဲထည့်လိုက်တဲ့ ကိုယ်စားလှယ်က သူ့တာဝန်ကျေပွန်လား၊ မကျေပွန်လားဆိုတာ ဝေဖန်ပိုင်ခွင့်ရှိသွားပြီ။ ကိုယ်က လည်းမဲမထည့်ဘူး၊ဂရုမစိုက်ဘူး။ ငါနဲ့မဆိုင်ဘူး ဒီရွေးကောက်ပွဲဆိုပြီးတော့။ နောက်တော့မှ ဒီကိုယ်စားလှယ် ဘာမှမလုပ်သေးဘူးပြောလို့ရှိရင်တော့ တာဝန်မဲ့စိတ်ဓာတ်ထားပဲလို့ထင်ပါတယ်။ ပြည်သူအားလုံးဆန္ဒဖြည့် ဆည်းပေးနိုင်မယ်လို့ကတိမပေးပါဘူး။ ကြိုးစားမယ်လို့ကတိပေးပါတယ်။ ပြည်သူက လည်းကြိုးစားပါ။ တယောက်အပေါ် ယုံကြည်မှုနဲ့တွဲပြီးလုပ်သွားမယ်ဆိုလို့ရှိရင် ရောက်ချင်တဲ့ပန်းတိုင်ကို ရောက်သွားမယ်လို့ပြောပါရစေ။

ဒီမိုကရက်တစ်မြန်မာ့အသံ ငွေကြေးအလွဲသုံးစားမှုနဲ့စပ်လျဉ်း၍ သတင်းထုတ်ပြန်

DVB ၊ ဇန်နဝါရီ ၂၀ ။ ။ နော်ဝေနိုင်ငံရှိ ဒီမိုကရက်တစ်မြန်မာ့အသံ ဌာနတွင်းဖြစ်ပွားနေတဲ့ ငွေကြေးအရှုတ်တော်ပုံအဖြစ်မှန်ကို ဖော်ထုတ်ပြီး တရားဝင်သတင်းထုတ်ပြန်လိုက်ပါတယ်။

၁။ ဒီမိုကရက်တစ်မြန်မာ့အသံ ပြည်တွင်းသတင်းလုပ်ငန်းကို ဦးဆောင်သူများက လုပ်ငန်းအတွက် သတ်မှတ်ပေးထားသောအဖွဲ့အစည်းပိုင် ငွေများကို အလွဲသုံးစားပြုလုပ်နေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံ အုပ်ချုပ်ရေးတာဝန်ရှိသူများဖြစ်သည့် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူးတို့က အထောက်အထားအခိုင်အမာတွေ့ရှိခဲ့သည်။ငွေကြေးစီမံခန့်ခွဲရေးအပါအဝင်မြန်မာပြည်တွင်းသတင်းလုပ်ငန်းကို ဦးဆောင်တာဝန်ယူသူ ဦးမျိုးမင်းနိုင် (အမည်ခွဲများ- ကိုနေထွန်း၊ ကိုနန္ဒ၊ ကိုမျိုးကြီး) နှင့် ဦးအောင်မျိုးကျော် (အမည်ခွဲများ- ပွကြီး၊ အရှည်လေး) တို့နှစ်ဦးသည် မမှန်ကန်သော ငွေစာရင်းများတင်ပြကာ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက်အဖွဲ့ပိုင်ငွေကြေးများကို မတရားရယူနေကြောင်း သက်သေအထောက်အထားများ အရသိရသည်။ ထို့ကြောင့် ယမန်နှစ် စက်တင်ဘာလက ထိုငွေကြေးအလွဲသုံးစားမှုကို အုပ်ချုပ်ရေးတာဝန်ရှိသူများက ဘုတ်အဖွဲ့သို့တင်ပြခဲ့သည်။ ထိုအချိန်မှစ၍ဘုတ် အဖွဲ့က အဆိုပါ ငွေကြေးအလွဲသုံးစားမှုကို တာဝန်ယူ စုံစမ်းဖော်ထုတ်ခဲ့သည်။

၂။ လွတ်လပ်၍ သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုကို ဦးတည်သောအားဖြင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးချမ်းနိုင်နှင့်လက်ထောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့သည် စုံစမ်းစစ်ဆေးမှုပြီးသည်အထိ စီမံခန့်ခွဲရေးတာဝန်မှ ယာယီရပ်နားပြီး အသံလွှင့်လုပ်ငန်းပိုင်းကိုသာ တာဝန်ယူခဲ့သည်။ ထိုကာလအတွင်း ဒီဗွီဘီစီမံခန့်ခွဲရေးကို တာဝန်ယူရန် ယာယီဦးဆောင်ညွှန်ကြားမှူးအဖြစ်ဦးဟန်ညောင်ရွှေနှင့် ယာယီရုံးအုပ်ချုပ်ရေးမှူးအဖြစ် Ms. Vibeke Hermanrud တို့ကို ခန့်အပ်တာဝန်ပေးခဲ့သည်။

၃။ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် Price waterhouse Coopers (PwC) ကို ငှားရမ်းခဲ့သည်။ နော်ဝေးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခြေစိုက်သော PwC ရုံးခွဲများမှ စုံစမ်းစစ်ဆေးရေးမှူး ခြောက်ဦးသည်ယမန်နှစ် နိဝင်ဘာလဆန်းမှစ၍ စုံစမ်းစစ်ဆေးခဲ့သည်။ အော်စလိုမြို့ဒီမိုကရက်တစ်မြန်မာ့အသံရုံးချုပ်ရှိ ဝန်ထမ်းများကို ပထမမေးမြန်းပြီး ငွေစာရင်းများ၊ သက်သေအထောက်အထားများကို စစ်ဆေးခဲ့သည်။ နော်ဝေး PwC ရုံးမှ စစ်ဆေးရေးမှူးနှစ်ဦးနှင့် ထိုင်းနိုင်ငံ PwC ရုံးမှ စစ်ဆေးရေးမှူး တဦးတို့က နိဝင်ဘာလလယ်ပိုင်းတွင် ထိုင်းနိုင်ငံအတွင်း စုံစမ်းစစ်ဆေးခဲ့သည်။

၄။ ယခုအခါ PwC က ၎င်းတို့စုံစမ်းစစ်ဆေး တွေ့ရှိချက်များကို အစီရင်ခံစာရေးသားထုတ်ပြန်လိုက်ပြီဖြစ်သည်။ အဓိက တွေ့ရှိချက်များထဲတွင် အောက်ပါအချက်များ ပါဝင်သည်။

(က)ဒီမိုကရက်တစ်မြန်မာ့အသံ၏ ပြည်တွင်း သတင်းလုပ်ငန်းကွန်ရက်ကို ၂၀၀၆ ခုနှစ် တည်ထောင်ချိန်မှစ၍ အခုအချိန်ထိ တာဝန်ယူကြီးကြပ်နေသော အော်စလိုအခြေစိုက် တာဝန်ခံဦးမျိုးမင်းနိုင် (အမည်ခွဲများ- ကိုနေထွန်း၊ ကိုနန္ဒ၊ ကိုမျိုးကြီး) နှင့် ပြည်တွင်းသတင်းလုပ်ငန်းအတွက် ငွေကြေးကို မဲဆောက်မှ ကြီးကြပ်သူဦးအောင်မျိုးကျော် (အမည်ခွဲများ- ပွကြီး၊ အရှည်လေး) တို့နှစ်ဦးမှာ အလွဲသုံးစားလုပ်သူများဖြစ်ကြောင်း PwC အစီရင်ခံစာက ထောက်ပြထားသည်။

(ခ) အလွဲသုံးစားလုပ်ခဲ့သည်ဟု PwC က အတည်ပြုသော ငွေ ပမာဏမှာ နော်ဝေးငွေ ကရောင်း ၂,၂၁၈,၁၄၁၊ (အမေရိကန်ဒေါ်လာ ၃၆၉,၀၇၅၊ မြန်မာကျပ် ၃၁၀,၀၀၀,၀၀၀) ဖြစ်သည်။ အလွဲသုံးစားပြုလုပ်ခံရသော ငွေများမှာ ပြည်တွင်းနှင့် မဲဆောက်ရုံးတာဝန်ကျသတင်းထောက်နှင့် ဝန်ထမ်းများ၏လစာငွေများ၊ ဖမ်းဆီးခံထားရသော ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းထောက်များ၏ မိသားစုများအတွက်ပေးသော ထောက်ပံ့ငွေများ၊ ရုံးခန်းငှားခများနှင့် လုပ်ငန်းလည်ပတ်စရိတ်အတွက် သတ်မှတ်ပေးထားသော ငွေများဖြစ်သည်။

(ဂ) အလွဲသုံးစားလုပ်၍ စုဆောင်းရရှိသော ငွေများဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် အိမ်များ၊ တိုက်ခန်းများ၊ မော်တော်ယာဉ်များ၊ မြေကွက်များ ဝယ်ယူထားသည့်အပြင် လောင်းကစားနှင့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နေသည်။

(ဃ) အကျဉ်းထောင်အသီးသီးတွင် ထောင်ချခံခဲ့ရသည့် ဒီဗွီဘီသတင်းထောက်များနှင့် မိသားဝင်များအတွက် ထောက်ပံ့ငွေများကိုအလည်း အလွဲသုံးစား လုပ်ခဲ့ကြသည်။

၅။ အလွဲသုံးစားငွေများထဲမှ ဘတ်ငွေ နှစ်သန်းခုနစ်သိန်းဖြင့် ၂၀၀၈ ခုနှစ်တွင် ဝယ်ယူထားသော ဘန်ကောက်မြို့ရှိ အိမ်တလုံးကို ဒီမိုကရက်တစ်မြန်မာ့အသံက ပြန်လည်သိမ်းယူထားပြီးဖြစ်သည်။ ကျန်နေသေးသော အထက်ဖော်ပြပါပစ္စည်းများကို သိမ်းယူနိုင်ရန်ဆက်လက်ဆောင်ရွက်သွားမည်။

၆။ စုံစမ်းစစ်ဆေးမှု စတင်ကတည်းက ဖော်ပြပါ အလွဲသုံးစားလုပ်သူများသည် သူတို့အပေါ် နိုင်ငံရေးလုပ်ကြံမှုဖြစ်ကြောင်း ကောလာဟလသတင်းများလွှင့်ခဲ့သည်။ ပြည်တွင်းသတင်းကွန်ရက်တွင် တာဝန်ထမ်းဆောင်နေသော သတင်းထောက်များနှင့် နိုင်ငံရေးအဖွဲ့များအကြား သတင်းမှားများဖြန့်ချိကာ ဒီမိုကရက်တစ်မြန်မာ့အသံအကွဲအပြဲဖြစ်သယောင် လုပ်ဆောင်နေသည်။ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးအတွင်း ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းထောက်များ၏ စွန့်စားလုပ်ဆောင်ချက်များကို မှတ်တမ်းတင်ထားသည့် "Burma VJ"မှတ်တမ်းတင် ရုပ်ရှင်ကားအမည်ကို အသုံးပြုပြီး Burma VJ Media Network ဟု ခေါ်သော အဖွဲ့ကို တည်ထောင်ထားသည်။ ထို့အပြင် ဒီမိုကရက်တစ်မြန်မာ့အသံက ထုတ်ပေးထားသော ပစ္စည်းကိရိယာများ၊ ဒီမိုကရက်တစ်မြန်မာ့အသံ မူပိုင်ဖြစ်သော archive ဗွီဒီယို၊ ဓာတ်ပုံနှင့် အခြားအရေးကြီး သတင်းအချက်အလက်များကိုလည်း ပြန်လည်အပ်နှံခြင်းမရှိဘဲ သိမ်းယူထားဆဲဖြစ်သည်။ ဒီဗွီဘီပိုင် ပစ္စည်းများအားအလွဲသုံးစားလုပ်ထားခြင်းအပေါ် ဆက်လက်အရေးယူဆောင်ရွက်သွားမည်။

၇။ အခက်အခဲများစွာကို ရင်ဆိုင်ကာ ဒီမိုကရက်တစ်မြန်မာ့အသံတွင် ဆက်လက်တာဝန်ထမ်းဆောင်နေသောပြည်တွင်းသတင်းကွန်ရက်မှသတင်းထောက်များအားလုံးကို ချီးကျူးဂုဏ်ပြုပါသည်။ အဖြစ်မှန်ကိုသိ၍ ဒီမိုကရက်တစ်မြန်မာ့အသံနှင့် ပြန်လည်လက်တွဲလုပ်ကိုင်လိုသော ဒီဗွီဘီ သတင်းထောက်များအားလုံးကို ဖိတ်ခေါ်ပါသည်။

၈။ ဘုတ်အဖွဲ့က ဦးအေးချမ်းနိုင်နှင့် ဦးခင်မောင်ဝင်းတို့ကို ၎င်းတို့ယာယီနုတ်ထွက်ထားသော ရာထူးများဖြစ်သည့် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးများတွင် ၂၀၁၂ ဇန်နဝါရီ ၁ ရက်နေ့ကတည်းက အသီးသီး ပြန်လည်ခန့်အပ်ထားပြီး ဖြစ်သည်။

ကျောင်းသားတပ်မတော်နဲ့ ငြိမ်းချမ်းရေးဆက်သံ ဥက္ကဋ္ဌရှင်းလင်းပြောကြား

RFA၊ဇန်နဝါရီ ၁၄။ ။ အသံလွှင့်ဌာနနှင့် မကဒတ ဥက္ကဋ္ဌရဲဘော်သံခဲနှင့် ငြိမ်းချမ်းရေး စကားပြောဘို့ ကမ်းလှမ်းသည့်ကိစ္စ အင်တာဗျူး ပြန်လည် ဖော်ပြပေး လိုက်ပါတယ်။

RFA ။ ။ ဘယ်လို ကမ်းလှမ်းတယ်ဆိုတာကို ရှင်းပြပေးပါခင်ဗျ။

ကိုသံခဲ ။ ။ ဟုတ်ကဲ့-ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်ဦးအောင်သောင်းနှင့် ဒုတိယအဖွဲ့ခေါင်းဆောင်ဦးသိန်းဇော်တို့ကနေပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက်ရင်းနှီးခင်မင်စွာနဲ့ ဖိတ်ခေါ်အပ်ပါတယ်ဆိုပြီး ကျနော်တို့ဆီကို စာတစောင်ရောက်လာပါတယ်။ အဲဒီစာတစောင်နဲ့ပါတ်သက်ပြီး သူတို့ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့က အဖွဲ့ဝင်တဦးဖြစ်တဲ့ ကရင်ပြည်နယ်အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌစောခင်စိုးကနေပြီးတော့မှ အဖွဲ့ကိုယ်စားလက်မှတ်ထိုးပြီးတော့မှ ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။ အဓိကပြောတဲ့အကြောင်းအရာကတော့ ငြိမ်းချမ်းရေးဖော်ဆောင်ဘို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တန်းတူရည်တူ ဆွေးနွေးနိုင်ရန် သဘောထားချမှတ်ခြင်းနှင့်တွေ့ဆုံဆွေးနွေးနိုင်မယ့်ရက်ကို ပြန်ကြားပေးဘို့ ဖိတ်ခေါ်တာဖြစ်ပါတယ်။

RFA ။ ။ ABSDF ခေါင်းဆောင်ပိုင်းအနေနဲ့ အခုလို ကမ်းလှမ်းလာတဲ့အပေါ်မှာ ဘယ်လိုတုံ့ပြန်ဘို့ စဉ်းစားထာပါလဲ။

ကိုသံခဲ ။ ။ ABSDF ဗဟိုကော်မီတီအနေနဲ့ယခုလို ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးကမ်းလှမ်းလာမှုကို ကျနော်တို့ အဖွဲ့အနေနဲ့ကြိုဆိုတယ်။ အထူးသဖြင့် ကျနော်တို့အဖွဲ့အစည်းဟာ ကျနော်တို့နိုင်ငံမှာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးထွန်းကားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးအတွက် တန်းတူရည်တူ ဆွေးနွေးရေးတွေကို ရှိနိုင်ဘို့အတွက် အစဉ်တစိုက်တောင်းဆို တိုက်ပွဲဝင်ခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဒီကြိုးပမ်းဆောင်ရွက်မှုတွေဟာ ကျနော်တို့ တဖွဲ့တည်းနဲ့ လုံလောက်နိုင်မှုမရှိဘူး။ ဒီဆွေးနွေးမှုတွေဟာ နိုင်ငံရေးအရ သက်ဝင်ရမယ်။ ငြိမ်းချမ်းရေးအတွက် ဖော်ဆောင်တဲ့နေရာမှာ သက်ဆိုင်တဲ့တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေပါအားလုံးပါဝင်နိုင်တဲ့အခင်းအကျင်းလိုအပ်တယ်။ သို့သော်လည်းပဲ ပဏာမအနေနဲ့တွေ့ဆုံဆွေးနွေးမှုတွေကို ကျနော်တို့အနေနဲ့ကြိုဆိုတယ်။ စနစ်တကျ တုံ့ပြန်နိုင်ဘို့အတွက် ဗဟိုကော်မီတီထဲမှာလိုက်နာရမယ်မူတွေ၊ ကျနော်တို့ဆွဲကိုင်ထားရမယ်မူတွေ၊ အပြုသ ဘောဆိုင်ရာ ဆွဲကိုင်ထားရမယ့်မူတွေကို ဆွေးနွေးနေဆဲဖြစ်ပါတယ်။

RFA ။ ။ အကျဉ်းထောင်တွေထဲမှာ ABSDF ရဲဘော်တွေ ဖမ်းဆီးခံထားရတာတွေ ရှိပါတယ်။ အဲဒီအချက်တွေကို ထည့်သွင်းစဉ်းစားတာတွေရှိလား။

ကိုသံခဲ ။ ။ ကျနော်တို့ သေသေချာချာကို ထည့်သွင်းစဉ်းစားရမယ့်အချက်တွေပါ။ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်အပေါ်မှာ ဆွေးနွေးတဲ့အပေါ်မှာတတိုင်းပြည်လုံးဆိုင်ကိစ္စတွေဆွေးနွေးကြမှာဖြစ်သလိုတဆက်တည်းမှာလည်း ကျနော်တို့အဖွဲ့အစည်းဆိုင်ရာ ကိစ္စတွေလည်း စဉ်းစားရမယ်လို့ ကျနော်တို့မြင်ပါတယ်။ အထူးသဖြင့်ကတော့ ကျနော်တို့အဖွဲ့ အစည်းအပေါ်မှာ မတရားအသင်းအဖြစ် ကြေညာထားတဲ့ကိစ္စတွေရှိတယ်။ နောက်တခုကတော့ ကျနော်တို့ ရဲဘော်တွေဟာ နှစ်ရှည်ထောင်ဒဏ်နဲ့ ဗမာပြည်ထောင်တွေထဲမှာ အကြောင်းအမျိုးမျိုးပြဿနာတော့ မတရားဖမ်းဆီခံထားရတဲ့သူတွေ၊ ABSDF တပ်ဖွဲ့ဝင်တွေရှိပါတယ်။ ဒီလူတွေဟာ နိုင်ငံရေးယုံကြည်ချက်ကြောင့်ပဲ အကျဉ်းကျထားတာဖြစ်တယ်။ သူတို့လွတ်မြောက်ရေးအတွက် တပြိုင်တည်း အဖြေရှာရလိမ့်မည်လို့ ထင်တယ်။

RFA ။ ။ ဘယ်လို အခြေအနေမျိုးမှာ ABSDF အနေနဲ့ အပစ်အခတ်ရပ်ဆဲဘို့ ရှိပါသလဲ။

ကိုသံခဲ ။ ။ ကျနော်တို့ လိုချင်တဲ့ နိုင်ငံရေးအခင်းအကျဉ်းကိုရောက်ဘို့ဆိုတာ အများကြီးလိုအပ်သေးတယ်လို့ ထင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ ဒါဟာ-အာဏာရယူထားတဲ့ အစိုးရဘက်က ဖြစ်ပေါ်လာမယ် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းပြီးတော့ အားလုံးတွေ့ဆုံနိုင်တဲ့ အခင်းအကျင်းကို ယုံကြည်အောင် ဖန်းတီးပေးမလဲဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။

အာဏာမသိမ်းဟု ဦးရွှေမန်းပြောဆို

BBC ၊ ဇန်နဝါရီ ၁၇ ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက သူအမြင်အတွေ့အကြုံအရမြန်မာနိုင်ငံမှာနောက်ထပ်စစ်အာဏာသိမ်းတာ မဖြစ်နိုင်တော့ဘူးလို့ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

AFP ပြင်သစ်သတင်းဌာနနဲ့ တနင်္လာနေ့က တွေ့ဆုံမေးမြန်းခန်းမှာ သူရဦးရွှေမန်းက အခုလိုပြောကြားခဲ့တာပါ။ ဒီမိုကရေစီစနစ်ပြောင်းလာဖို့ဘယ်လောက်ကြာမယ် မပြောနိုင်ပေမယ့် အစားထိုးကျင့်သုံးစရာတခြားစနစ်မရှိဘူးလို့ ဦးရွှေမန်းက ပြောပါတယ်။

စစ်အာဏာရှင်စနစ်ကို အသက်ပေး ဆန့်ကျင်မယ့် နိုင်ငံရေးလှုပ်ရှားသူတွေ အများအပြား ပြန်လွှတ်ပေးခဲ့တာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ စစ်အာဏာထပ်သိမ်းမယ့် အခြေအနေမျိုးမရှိဘူးလို့ယူဆကြောင်း အကျဉ်းထောင်ကနေ မကြာသေးခင်က ပြန်လွှတ်လာတဲ့ဗိုလ်ကြီးဟောင်းနေမျိုးဇင်ကလည်း သုံးသပ်ပြောဆိုခဲ့ပြီး သူရဦးရွှေမန်းရဲ့စကားကို ထောက်ခံသွားခဲ့ပါတယ်။

အခြေခံဥပဒေရေးဆွဲစဉ်က ကိုယ်ကျိုးစီးပွားနဲ့လုံခြုံမှုအတွက် ထည့်သွင်းရေးဆွဲခဲ့ပေမယ့် အခြေခံ ဥပဒေကို ပြန်ပြင်နိုင်စွမ်း ရှိတယ်လို့လည်း သူကယူဆပါတယ်။ ပွင့်လင်းလာတဲ့ မီဒီယာနဲ့ခေတ်အနေအထားအရ တပ်မတော်ထဲမှာ ခေတ်ဟောင်း၊ စနစ်ဟောင်းကို လိုလားသူနည်းလာတာမို့ထပ်အာဏာသိမ်းဖို့ အခြေအနေနည်းကြောင်း၊ ဒါပေမယ့်လည်း လုံခြုံရေးအကြောင်းပြပြီး အကျိုးစီးပွားရှာမှုမျိုး မဖြစ်ရအောင် ပြည်သူလူထုက ကာကွယ်သွားဖို့လိုတယ်လို့ကိုနေမျိုးဇင်က သတိပေး ပြောဆိုခဲ့ပါတယ်။

ဒီမိုကရေစီပြောင်းလဲရေးကိုလက်မခံနိုင်တဲ့စစ်တပ်တွင်းကအင်အားစုတချို့အာဏာ ပြန်သိမ်းတာမျိုး ဖြစ်မလာဖို့ မျှော်လင့်တယ်လို့ မကြာသေးခင်ကပဲ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့ဆုံဆွေးနွေးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

လာမယ့်နှစ် ဘတ်ဂျက်အသုံးစရိတ် လွှတ်တော်ဘတ်ဂျက်ကော်မတီ သုံးသပ်နေ

BBC၊ ဂျန်နဝါရီ ၂၀ ။ ။ လာမယ့် ၂၀၁၂ – ၂၀၁၃ အတွက် ခန့်မှန်းဘတ်ဂျက်အသုံးစရိတ်နဲ့ ပတ်သက်ပြီး အစိုးရက ပဏာမတင်ပြလာတဲ့ ဘတ်ဂျက်တွေကို ပြည်သူ့လွှတ်တော် ဘတ်ဂျက်ရေးရာကော်မတီက သုံးသပ်နေပါတယ်။

အစိုးရဌာနအသီးသီးရဲ့ ဘတ်ဂျက် သုံးငွေထဲမှာ ကာကွယ်ရေးအသုံးစရိတ်၊ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်တွေ ဘယ်လောက်ရှိမယ်ဆိုတာ အများက စိတ်ဝင်စားနေကြပါတယ်။ ဘီဘီစီက လောလောဆယ်သိရှိထားချက် အရ ကာကွယ်ရေးဝန်ကြီးဌာန အသုံးစရိတ်က ဘတ်ဂျက်ငွေအားလုံးရဲ့ ၂ဖြ ရာခိုင်နှုန်းဖြစ်ပြီး အများဆုံးဖြစ်ပါတယ်။

ပညာရေးက ၄ ရာခိုင်နှုန်း၊ ကျန်းမာရေးက ၂ ရာခိုင်နှုန်းနဲ့ ဆောက်လုပ်ရေးက ၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကာကွယ်ရေးအသုံးစရိတ်နဲ့ ယှဉ်ရင် တခြားဝန်ကြီးဌာနတွေရဲ့ အသုံးစရိတ်ပမာဏက အတော်နည်းပါးပေမယ့် ပြီးခဲ့တဲ့နှစ်ထက်ဆာရင်တော့ ပိုများလာတာတွေ့ရပါတယ်။

ဘယ်ဝန်ကြီးဌာနတွေကို လျှော့ပြီး ဘယ်ဝန်ကြီးဌာနတွေကို တိုးတယ်ဆိုတာတော့ အသေအချာမသိရသေးပါဘူး။ အခုဝန်ကြီးဌာနတွေအတွက် ပဏာမတင်ပြလာတဲ့ ခန့်မှန်းအသုံးစရိတ်ငွေတွေကို လာမယ့် လွှတ်တော်မှာတင်ပြပြီးတဲ့နောက် အသေးစိတ်ဆွေးနွေးကြပြီး လွှတ်တော်က နောက်ဆုံးအတည်ပြုရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရသုံးငွေဘတ်ဂျက်မှာ သာမန်အသုံးစရိတ်နဲ့ ငွေလုံး ငွေရင်းအသုံးစရိတ်တို့ ရှိတဲ့အနက် သာမန်အသုံးစရိတ်ဆိုတာက အစိုးရဝန်ထမ်းလစာ၊ ရုံးသုံးစရိတ် စတာတို့ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်ဆိုတာကတော့ အစိုးရအဆောက်အဦ၊ လက်နက်၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဆေးရုံနဲ့ လျှပ်စစ်မီးထုတ်လုပ်မှုတွေနဲ့ ဆိုင်တဲ့ အသုံးစရိတ်တွေဖြစ်ပါတယ်။

နိုင်ငံတော်ဘတ်ဂျက်ကို ရေးဆွဲတဲ့နေရာမှာ ကိုယ်လုပ်ဆောင်ချင်တဲ့ ရည်မှန်းချက်ကို မူတည်ပြီး စဉ်းစားလုပ်ဆောင်ရမယ့် အခြေခံအချက်တွေရှိတယ်လို့ စာရေးဆရာ စီးပွားရေးပညာရှင် ဦးခင်မောင်ညို (ဘောဂဗေဒ) က ပြောပါတယ်။

စီးပွားရေးတိုးတက်မှုရှိအောင်လုပ်ဖို့ စီးပွားရေးတည်ငြိမ်မှုနဲ့ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းဖို့ စီးပွားရေးအရှိန်ရအောင်လုပ်ဖို့ စသဖြင့် ရည်ရွယ်ချက်တွေ အသီးသီးမှာ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်တာဖြစ်လို့ အဲဒီအတွက်မူတည်ပြီး ဘတ်ဂျက်ဆွဲသင့်တယ်လို့လည်း ဦးခင်မောင်ညို ကပြောပါတယ်။

အတည်မပြုရသေးတဲ့ လောလောဆယ် သိရှိထားတဲ့ အသုံးစရိတ် ခန့်မှန်းချက်ကိုကြည့်မယ်ဆိုရင်တော့ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်ဘူးလို့လည်း သူကပြောပါတယ်။

၈၈ မျိုးဆက်တွေ သတင်းစာရှင်းလင်းပွဲ လုပ်မည်

DVB၊ ဂျန်နဝါရီ ၁၉ ။ ။ မကြာခင်က ထောင်ကပြန်လွတ်လာကြတဲ့ ကိုမင်းကိုနိုင် ဦးဆောင်တဲ့ ၈၈ မျိုးဆက်တွေက ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်နဲ့ပတ်သက်လို့ လာမယ့် စနေနေ့မှာ သတင်းစာရှင်းလင်းပွဲလုပ်မယ်လို့ ၈၈ မျိုးဆက် ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုမြအေးက ပြောပါတယ်။

"အဓိက ကတော့ ကျနော်တို့ ၈၈ တွေအနေနဲ့ ဘာလုပ်ခဲ့တယ်၊ ဘယ်လိုနေရာမှာ ရပ်နေတယ်၊ ဘယ်ကိုသွားမယ်ဆိုတဲ့ဟာကို ကျနော်တို့ ရှင်းရှင်းလင်းလင်း ပြောသွားမှာဖြစ်ပါတယ်။"

ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ တော်ဝင်စင်တာမှာ နေ့လယ် ၂ နာရီကနေ ၄ နာရီအထိ မီဒီယာတွေကိုဖိတ်ကြားပြီး ရှင်းလင်းသွားမယ်လို့ဆိုပါတယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းမှာ ၈၈ မျိုးဆက်တွေ ကြားထဲမှာ သဘောထားကွဲတာတွေ ဖြစ်ပေါ်နိုင်တယ်လို့ ကြိုတင်ခန့်မှန်းတာတွေရှိနေပေမယ့် တပတ်ကြာ ဆွေးနွေးမှုတွေအပြီးမှာ ၈၈ မျိုးဆက်တွေအားလုံး တညီတညွတ်တည်းရှိနေတယ်လို့ ကိုမြအေးက ပြောပါတယ်။

"ကျနော်တို့ ထောင်ကလွတ်လာတဲ့လူတွေအားလုံး တသဘောတည်း တသားတည်း တသွေးတည်းရှိနေတယ် အားလုံးက။ ဘာမှကျနော်တို့မှာ သဘောထားကွဲလွဲမှုမရှိဘူး။ ကျနော်တို့ ၈၈ ထဲမှာ အားလုံး တသားတည်းရှိနေပါတယ်။ သဘောထားတွေလည်း တထပ်တည်းပါ။

ကျနော်တို့ လွတ်လာပြီးတော့ ရက်ပိုင်းမှာ တောက်လျှောက်ပေါ့နော်။ ကျနော်တို့ တပတ်တိတိ ဆွေးနွေးပြီးတဲ့အခါမှာ ဆုံးဖြတ်ချက်တွေကျပါပြီ။ ကျနော်တို့ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ သတင်းစာ ရှင်းလင်းပွဲမှာ အသေးစိတ် ပြောသွားမှာဖြစ်ပါတယ်။"

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဟာ ၂၀၀၇ လောင်စာဆီစျေးနှုန်းမြင့်တက်သွားတာကို မကျေနပ်လို့ လမ်းလျှောက်ဆန္ဒပြစဉ် အဖမ်းခံရပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံရကနေ ပြီးခဲ့တဲ့ တပတ်က ပြန်လည်လွတ်မြောက်လာကြတာဖြစ်ပါတယ်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး နောက်ပြန်လှည့်မှာမဟုတ်
ပိတ်ဆို့အရေးယူတာတွေဖယ်ရှားပေးဖို့ ဦးသိန်းစိန်ပြောဆို

RFA၊ ဂျန်နဝါရီ ၂၀ ။ ။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို နောက်ကြောင်းပြန်လှည့်ဖို့ မရှိကြောင်းနဲ့ တစ်ချိန်ထဲမှာပဲ ပိတ်ဆို့အရေးယူထားတာတွေကို အနောက် နိုင်ငံကြီးတွေက ဖယ် ရှားပေးဖို့ တိုက်တွန်းတဲ့အကြောင်း အမေရိကန်ပြည်ထောင်စု အထင်ကရ ဝါရှင်တန်ပို့စ်သတင်းစာက တွေ့ဆုံမေးမြန်းရာမှာ သမ္မတဦးသိန်းစိန်က ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်နေတဲ့အတွက် နောက်ကြောင်း ပြန်လှည့်ဖို့ ရည်ရွယ်ချက်မရှိတဲ့အကြောင်း ၊ အနောက်နိုင်ငံတွေအနေနဲ့ သူတို့ လုပ်ဆောင်သင့်တာတွေကို လုပ်ဆောင်ပေးဖို့သာ လိုအပ်တဲ့အကြောင်းလည်း ဦးသိန်းစိန်က ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂနိုင်ငံများအဖွဲ့ဟာ မြန်မာအစိုးရဲ့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်တွေကို ချီးကျူးအသိအမှတ်ပြုထားပြီး ဧပြီ ၁ ရက်မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုရှိ မရှိ ဆက်လက်စောင့်ကြည့် မယ်လို့လည်း ပြောကြားထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်လို့ ရွေးကောက်ပွဲမှာ ပြည်သူက တင်မြောက်လို့ လွှတ်တော်အမတ် ဖြစ်လာပြီးတဲ့နောက် အစိုးရအဖွဲ့မှာ ဝန်ကြီးတစ်ဦးဖြစ်လာနိုင်ပါတယ်လို့လည်း သမ္မတဦးသိန်းစိန်က ပြောပါတယ်။

ဇန်နဝါရီ ၁၆၊ Irrawaddy ။ ။ မြန်မာအပေါ် စိုင်ဂျင့်ပိတ်ပင်မှုများ အဆုံးသတ်ရန် တိုင်းရင်းသားပြဿနာများသည် ထိပ်ဆုံးမှပါကြောင်း Mitch McConnnell မှဆို၏။

ဇန်နဝါရီ ၁၆၊ DVB ။ ။ သံဃာများ၏ စစ်ထိပ်သီးများအပေါ်သပိတ်သည် ဆက်လက်တည်ရှိကြောင်း ဇန်နဝါရီ ၁၃ တွင်လွတ်လာသူ ရွှေဝါဝေါတော်လှန်ရေးခေါင်းဆောင် အရှင်ဂမ္ဘီရမှဆိုကြောင်း အေးနိုင်မှသတင်းဝေဖန်၏။

ဇန်နဝါရီ ၁၆၊ UN ။ ။ မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများ ရာချီ၍လွတ်လာခြင်းကို ကုလအတွင်းရေးမှူး ဘန်ကီမွန်းနှင့် လူ့အခွင့်အရေးအထူးသံ Tomas Ojea Quintana စသည်တို့မှကြိုဆို၏။

ဇန်နဝါရီ ၁၆၊ Asian Correspondent ။ ။ ဒီမိုကရေစီစာစောင် ဒီလှိုင်းကို အဲန်အဲလ်ဒီမှ ယနေ့စတင်ထုတ်၏။

ဇန်နဝါရီ ၁၆၊ WTN ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခဲ့ရာ သူမသည် ပြုပြင်ပြောင်းလဲမှုများအပေါ် အားတက်နေကြောင်း ရန်ကုန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခဲ့သူ Mitch McConnell မှဆို၏။

ဇန်နဝါရီ ၁၆၊ AFP ။ ။ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe သည် သမတဦးသိန်းစိန်အပါအဝင် မြန်မာခေါင်းဆောင်ပိုင်းများနှင့် ယနေ့ တွေ့ဆုံခဲ့၏။

ဇန်နဝါရီ ၁၇၊ WTN ။ ။ မြန်မာတွင် ပြောင်းလဲမှုများသည် ရှေ့ဆက်ဖြစ်ရန်သာရှိသည်ဟု မြန်မာသို့ရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်၎င်း အစိုးရအဖွဲ့ဝင်များနှင့်၎င်း တွေ့ခဲ့ပြီးနောက် အမေရိကန်အမတ် Mitch McConnell မှဆို၏။

ဇန်နဝါရီ ၁၇၊ AFP ။ ။ တိုင်းရင်းလက်နက်ကိုင်အဖွဲ့များနှင့် ထိပ်တိုက်တွေ့နေရာများတွင် နိုင်ငံတော်မ်းလုံး အပစ်အခတ်လုံးဝရပ်ဆိုင်းရန် အစိုးရသည် စစ်တပ်သို့ အမိန့်ထုတ်ခဲ့၏။

ဇန်နဝါရီ ၁၇၊ GlobalPost ။ ။ ကောအင်ယူမှ ခေါင်းဆောင်တဦးဖြစ်သူ ဒေးဗစ်သာကဘောသည် အကောင်းမြင်အားထက် စိုးရိမ်အားကများနေကြောင်း။

ဇန်နဝါရီ ၁၇၊ Daily Star, Bd'esh ။ ။ ဘင်္ဂလားဒေ့ရှ်မှ BSCCL သည် မြန်မာမှတဆင့် ကမ္ဘာ့အရှည်ဆုံး ရေအောက် အလင်းအားဖိုင်ဘာလိုင်းသုံး အင်တာနက်လိုင်းနှင့်ဆက်သွယ်ရန် စီစဉ်နေကြောင်း။

ဇန်နဝါရီ၁၇၊ XNA ။ ။ မြန်မာနှင့် ကမ္ဘာ့နိုင်ငံများ ဆက်သွယ်မှုများလာခြင်းကို ကြိုဆိုကြောင်း တရုပ်မှဆို၏။

ဇန်နဝါရီ ၁၇၊ Mizzima ။ ။ ဇန်နဝါရီ ၁၃ နေ့စွဲဖြင့် Coersion, Cruelty and Collateral Damage (အတင်းခိုင်းစေခြင်း၊ ရက်စက်ခြင်းနှင့် နောက်ဆက်တွဲများ)အမည်ဖြင့် စာတမ်းကို မွန်ပြည်နယ်လူ့အခွင့်အရေး ဖေါင်ဒေးရှင်းမှထုတ်ပြန်၏။ ရေဖြူမြို့နယ်အတွင်း ကလေးလုပ်သားစစ်သည်အမှု ၁၅၀ ခန့်ပါ၏။

ဇန်နဝါရီ ၁၇၊ Irrawaddy ။ ။ တရုတ်မှ ASEAP ပိုက်လိုင်းကုမ္ပဏီသည် ရခိုင်ပြည်နယ်နှင့်မကွေးတိုင်းတွင် ပိုက်လိုင်းဖြတ်ဒေသသို့ ကျောင်းစသည့် စီမံကိန်း ၂၅ ခုအတွက် ဒေါ်လာတစ်သန်းကူမည်။

ဇန်နဝါရီ ၁၇၊ Irrawaddy ။ ။ လွတ်လာသူအကျဉ်းသား ဖြ၁၁ ဦးအနက် နိုင်ငံရေးအကျဉ်းသား ၂၈၇ ဦးသာပါသေးကြောင်း။

ဇန်နဝါရီ ၁၇၊ DVB ။ ။ ရှမ်းပြည်နယ်ရှိ အစိုးရတပ်များသည် တရွာလျှင် လူ ၂၅ ဦး အရံစစ်တပ်ဝင်ရန် လူစုနေကြောင်း။

ဇန်နဝါရီ၁၈၊ Asia Times Online ။ ။ ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရသည် အသုံးချနေသလောဟု အချို့မှစိုးရိမ်နေကြောင်း၊ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် စစ်တပ်သို့ အထူးအာဏာများပေးထားခြင်း၊ လူထုလွတ်လပ်မှုကို သေနတ်ပြ ပိတ်ပင်ခြင်းထက်၊ ဥပဒေဖြင့် ပညာတ်ခြင်းများပြုထားကြောင်း Bertil Lintner မှဝေဖန်သုံးသပ်၏။

ဇန်နဝါရီ ၁၈၊ RFA ။ ။ CRPP ဦးသာအောင်နှင့် ကြေးမုံဦးသာဘန်းတို့ဦးစီးသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို နောက်လထဲ ပါတီပြန်လည်မှတ်ပုံတင်မည်။

ဇန်နဝါရီ၁၈၊ Irrawaddy ။ ။ ဟစ်ဟော့ပ် အဆိုကျော် ကိုဇေယျာသော်သည် နေပြည်တော်ရှိ ပဗ္ဗသီရိမြို့နယ်တွင် အဲန်အဲလ်ဒီအမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်။

ဇန်နဝါရီ ၁၈၊ Irrawaddy ။ ။ မြန်မာပြည်တွင် စစ်အာဏာသိမ်းမှုနောက်တခုဖြစ်မည်ဟုမထင်ကြောင်း သူရဝွေမန်းမှ အေအက်ဖ်ပီသတင်းသို့ဆို၏။

ဇန်နဝါရီ ၁၈၊ DVB ။ ။ ဇန်နဝါရီ ၁၃ တွင် မိမိတို့နှင့်မကင်းသူ ၁၃ ဦးလွတ်လာသော်လည်း ABSDF မှ နိုင်ငံရေးအကျဉ်းသား ၃၀ ဦး မလွတ်သေးကြောင်း ABSDF မှဆို၏။

ဇန်နဝါရီ ၁၈၊ AP ။ ။ ရှမ်းအဲန်အဲလ်ဒီသည် ပါတီအား ပြန်လည်မှတ်ပုံတင်မည်ဖြစ်သော်လည်း ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ရှမ်းအဲန်အဲလ်ဒီဆို၏။

ဇန်နဝါရီ ၁၈၊ THANLYIN ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ကော့မှူးမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်မှတ်ပုံတင်ခဲ့၏။ သူသည် အဲန်အဲလ်ဒီ၏ ပထမဆုံး အမတ်လောင်းဖြစ်၏။

ဇန်နဝါရီ ၁၈၊ AFP ။ ။ KNU ခွဲထွက် KNLA ပါတီနှင့် မြန်မာအစိုးတို့ ရှေ့အပတ်ထဲ ဖားအံတွင် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရန် သဘောတူထား၏။

ဇန်နဝါရီ ၁၈၊ AFP ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီ၏ ရွေးကောက်ပွဲဝင်ယှဉ်မည့်အချက်ကို ထောက်ခံကြောင်း ပံ့ပိုးမည်ဖြစ်ကြောင်း၊ မိမိတို့ကျောင်းသားပါတီထောင်၍ ဝင်ယှဉ်မည်မဟုတ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဖွဲ့ပေါင်းစုံနှင့်လက်တွဲဆောင်ရွက်မည်ဟု အချက် ၉ ချက်ပါ ယနေ့ ထုတ်ပြန်သည့် ကျည်ဆန်ချက်တွင် ရှစ်လေးလုံးကျောင်းသားအဖွဲ့မှဆို၏။ **စာမျက်နှာ ၁၃ သို့**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒီလှိုင်းအပြည်ရှိ စာစောင် စတင်ထုတ်ဝေ

VOA ၊ ဇန်နဝါရီ ၁၆ ။ ။ Democratic Wave ဒီလှိုင်း ဆိုတဲ့နံမည်နဲ့ ပါတီစာစောင်တစ်ခုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဒီကနေ့ စတင်ထုတ်ဝေလိုက်ပါတယ်။ လောလောဆယ် နှစ်ပတ် တစ်ကြိမ်ထုတ်ဝေမယ့် ဒီလှိုင်းစာစောင်ကို စာဖတ်သူတွေ စိတ်ဝင်စား အောင် ဂျာနယ်ပုံစံနဲ့ ထုတ်ဝေရောင်းချသွားမယ်လို့ တာဝန်ရှိသူတစ် ယောက်က ပြောပါတယ်။ ဒီတော့ ဘယ်လို အကြောင်းအရာတွေကို ဒီလှိုင်းမှာဖတ်နိုင်မှာပါလဲ။ ဒီကနေ့မှာ ပထမဆုံးထုတ်ဝေတဲ့ စာစောင် မှာရော ဘာတွေဖော်ပြထားလဲဆိုတာကို ဘန်ကောက်ရုံးက မစုမြတ် မွန်က အစီရင်ခံထားပါတယ်။

နိုင်ငံရေးပါတီ စာစောင်ထုတ်ဝေခွင့်အရ NLD ပါတီကဒီလှိုင်း စာစောင်ကို ဒီနေ့ တနလ်းနေ့မှာ စတင်ထုတ်ဝေ ရောင်းချခဲ့တာဖြစ်ပါ တယ်။ အခုအစပိုင်းမှာ သီတင်းနှစ်ပတ်ကို တစ်ကြိမ် စောင်ရေ ၁ သိန်း ထုတ်ဝေမှာဖြစ်တယ်လို့ ဒီလှိုင်းထုတ်ဝေရေးတာဝန်ရှိသူတယောက် ဖြစ်တဲ့ မနီမိုလှိုင်းကပြောပါတယ်။ ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေတဲ့ NLD ပါတီက စည်းရုံးမဲဆွယ် နေချိန်မှာ ပထမဆုံးထုတ်ဝေလိုက်တဲ့စာ စောင်မှာ ဘယ်လိုထူးခြားတဲ့ အကြောင်းအရာတွေ ဖတ်နိုင်မှာပါလဲ။

"အခု ပထမဆုံးထုတ်ဝေတဲ့ စာစောင်က အန်တီ ကော့မျိုးမြို့ နယ်က ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့အကြောင်း မျက်နှာဖုံးနဲ့နိုင်ငံရေး အကျဉ်းသားတွေလွတ်မြောက်လာတဲ့ သတင်းရယ်၊ နောက်ဆုံးလွတ် လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ အမြင်ပေါ့နော်။ လွတ်မြောက်လာ သူတွေရဲ့အမြင်ရယ်၊ နောက်ဘာဘဦးဝင်းတင်ရဲ့ဆောင်းပါးပါတယ်။ အန်တီလည်းရေးပါတယ်။ ဆရာမောင်ဝံသရဲ့ဆောင်းပါးပါတယ်။ အစ် မတို့ ပြီးခဲ့တဲ့လွတ်လပ်ရေးနေ့မှာ ဖြစ်သွားခဲ့တဲ့ ဖျာပုံမြို့နယ်ကကိုသိန်း ဆွေနဲ့ အာဏာပိုင်များရဲ့ အနေအထားလေး၊ အစ်မရဲ့ပြည်သူလူထု ကို သိစေချင်တာလေး ရေးထားတဲ့သတင်း ဆောင်းပါး လေးပါတယ်။ နောက် ကဗျာလေးတွေပါတယ်။ နောက် အန်ကယ်ဦးဉာဏ်ဝင်းရဲ့ ဥပဒေရေးရာနဲ့ ပတ်သက်တဲ့ ဆောင်းပါး ပါတယ်။"

တနလ်းနေ့မနက် အစောပိုင်း ဂျာနယ်တွေ စတင်ရောင်းချိန်က တည်းက ဒီလှိုင်းစာစောင်ကို စတင်ရောင်းနေတာမှာ ဝယ်ကြသူတွေ များတယ်လို့လည်း ဆိုပါတယ်။

"မနက်အစောကြီးကတည်းက ရောင်းတယ်။ ရောင်းအား က တော့ တော်တော်လေးများတယ်ညီမရေ။ နယ်က တက်လာတဲ့သူတွေ လည်း တော်တော်လေးမှာကြတယ်။ တစ်ယောက်တည်းမှာတာကို ၅၀၀ တို့ ဘာတို့ စာရင်းအားဖြင့်တော့ တော်တော်လေးများတယ်။"

NLD ပါတီရဲ့ အာဘော်၊ ပါတီရဲ့ မူဝါဒတွေကို အဓိက ဖော်ပြမယ့် စာစောင်ဖြစ်တာမို့ ရေရှည်မှာ စာဖတ်သူတွေကို စွဲဆောင်ထားနိုင်ဖို့ အတွက်ကရော ဘယ်လိုလုပ်မှာပါလဲ။

"အဓိကကတော့ NLD ရဲ့ အာဘော်၊ NLD ရဲ့ လှုပ်ရှားမှုတွေကို ပြည်သူဆီကို ဂျာနယ်နည်းလမ်းနဲ့ ဖြန့်တာပါ။ ဂျာနယ်ပုံစံနဲ့သွားနိုင် အောင်ကြိုးစားနေတယ်။အဓိကကအင်မတန်ညောင်းညာခဲ့တဲ့သတင်း စာတွေလို မဖြစ်အောင် ကြိုးစားတယ်။ အစိုးရထုတ် သတင်းစာတွေ အများကြီး ဖတ်ခဲ့ရဖူးတယ်လေ။ အခုက တော့ နိုင်ငံရေးပါတီတစ်ခုရဲ့ အာဘော်နဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ လှုပ်ရှားမှုတွေကို ဦးစားပေးပြီး သွား မယ်ဆိုတော့ မတော်တဆ သတင်းစာ ဆန်သွားမှာစိုးတယ်။ အဲတော့ အစ်မတို့က သတင်းစာပုံစံနဲ့မသွားဘူး။ ပါတီက ထုတ်တာ မှန်တယ်။ ပါတီက နသ နဲ့ တရားဝင်ထုတ်တဲ့စာစောင်ဖြစ်တယ်။ ဒါပေမဲ့ ဂျာနယ် အတိုင်းပဲ သွားမယ်။ ဘာသာရပ်နဲ့ ပတ်သက်ရင် ဥပဒေနဲ့ ပတ်သက်ပြီး ပါမယ်။ နောက်ပြီးတော့ ပြည်သူလူထုကို ပြည်သူလူထုရဲ့ အခွင့်အရေး Right နဲ့ ပတ်သက်ပြီးတော့ ပြန်ယူရမယ့် အခွင့်အရေးတွေ၊ စောင့်ထိန်း ယူရမယ့် အခွင့်အရေးတွေ၊ အဲဒီအခွင့်အရေးတွေကို ပြည်သူလူထုသိ အောင်ပေးမယ်။ နောက် ပါတီရဲ့အာဘော်နဲ့ ပါတီရဲ့ လှုပ်ရှားမှုတွေပါ မယ်။"

ဒီလှိုင်းစာစောင် ထုတ်ဝေရေးနဲ့ပတ်သက်လို့ တာဝန်ရှိသူတစ် ယောက်ဖြစ်တဲ့ မနီမိုလှိုင် ဖြစ်ပါတယ်။ အယ်ဒီတာအဖွဲ့မှာ ဦးဝင်းတင်၊ ဦးမိုးသူ၊ ဖျာပုံနေလုံဦး၊ မုံရွာအောင်ရှင် စတဲ့ ဝါရင့်သတင်းစာဆရာ၊ စာ ရေးဆရာကြီးတွေပါဝင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ ရဲ့ဆောင်ပါးတွေ ပုံမှန်ပါနိုင်အောင်ကြိုးစားရေးမယ်လို့ပြောပါတယ်။

ဇာဂနာနဲ့ရုပ်ရှင်လောကသားတချို့ ဦးခင်ညွန့်နဲ့တွေ့ဆုံ

RFA၊ ဂျနဝါရီ ၁၆ ။ ။ မနေ့ကညနေပိုင်းက ဇာဂနာနဲ့ ရုပ်ရှင်လော ကသားတချို့ဟာ နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့တဲ့ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့်နဲ့ သူ ရဲ့နေအိမ်မှာတွေ့ဆုံခဲ့ပါတယ်။

ဦးခင်ညွန့်ကဖိတ်ခေါ်တဲ့အတွက် သွားရောက်တွေ့ဆုံကြောင်း ဇာဂနာ ခေါ် ကိုသူရက အာအက်ဖ်အေကို ပြောပါတယ်။

"ကျွန်တော် ထောင်ကထွက်တဲ့အခါကျတော့ ကျွန်တော်က ဗိုလ် ချုပ်ခင်ညွန့်တို့ကိုလည်း ထောင်ထဲမှာထားတဲ့ကိစ္စ မသင့်တော်ပါဘူး။ လွှတ်ပေးသင့်ပါတယ်လို့ ကျွန်တော် တောင်းဆိုခဲ့တယ်လေ။ အဲ ဒီဟာနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ခင်ညွန့်က ကျေးဇူးတင်စကား ပြောချင် ပါတယ်ဆိုပြီး ဖိတ်ကြားတဲ့အတွက် ကျွန်တော် ရောက်သွား တာပါပဲ။

ကျွန်တော်တို့ ထောင်ထဲမှာ ဘယ်လိုနေခဲ့တယ် ဆိုတဲ့အ ကြောင်းပြော၊ သူလည်း သူ အကျယ်ချုပ် နေရတဲ့ဘဝမှာ ဘယ်လို ဘယ် လို နေထိုင်ရတယ် ဆိုတာလေးတွေပြောပေါ့။ မလွတ်မြောက်သေး တဲ့လူတွေအကြောင်းလည်း ပြောဖြစ်ကြတယ်။ ဘယ်သူက ဘယ် ထောင်မှာ သူတောင်မသိပါဘူး"

ဦးခင်ညွန့်ကို ဇာဂနာနဲ့အတူ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၊ ဒါရိုက်တာ ကြည်ဖြူသျှင်နဲ့ ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်းတို့ သွားရောက် တွေ့ကြပါတယ်။ အဲဒီလို သွားရောက်တွေ့ဆုံရတာဟာ အင်တာနက်မှာ ပျံ့နှံ့နေသလို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်နဲ့ လုံးဝ မသက် ဆိုင်သလို အဲဒီကိစ္စပြောဆိုတာလည်း မရှိဘူးလို့ ဇာဂနာက ပြောပါ တယ်။

သတင်းတိုထွာဖတ်စရာ

၂၀၁၂ ရဲ့ မြန်မာနိုင်ငံ

လာမယ့် ၂၀၁၂ သည် မြန်မာနိုင်ငံအတွက် ကမ္ဘာလှည့်ခရီးသည်တွေ အလာများမယ့်နှစ်လို့ ယူဆပါတယ်။ အနှစ် ၅၀ အတွင်းမကြိုဖူးတဲ့ ရေလျှံမှုဖြစ်ပွားပြီးတဲ့နောက် ထိုင်းနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသည် သိသိသာသာလျော့နည်းသွားတယ်လို့ဆိုပါတယ်။ ဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ တိုးတက်ပွင့်လင်းလာတဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့်တကြောင်း၊ စိတ်ဝင်စားဖွယ်ရာ ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ပြည့်နေတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသည်တွေကို အဆွဲဆောင်နိုင်ဆုံး အာရှနိုင်ငံဖြစ်လာနိုင်တယ်လို့ New York Times မဂ္ဂဇင်းကြီး ဟောကိန်းထုတ်ဖော်သောလိုက်ပါတယ်။(Bangkok Post , Jan,17-2012)

ယူရို သန်း ၇၀၀ ကျော်ဖို့ငရောင်းရ

နေပြည်တော်မှာ ဆယ်ရက်ကျော်ကြာကျင်းပခဲ့တဲ့ ကျောက်မျက်ရတနာပြပွဲ ဇန်နဝါရီ ၃ ရက် နေ့က ပြီးသွားပါတယ်။ ပြည်ပကုန်သည် ၁၆၀၀ ခန့်နဲ့ ပြည်တွင်းကုန်သည် ၃၇၀၀ ကျော်တက်ရောက်ဝယ်ယူခဲ့တဲ့ ဒီကျောက်မျက်ပြပွဲမှာ ယူရိုငွေ သန်းပေါင်း ၇၀၀ ဖိုးခန့်ရောင်းချခဲ့ရပါတယ်။ ကျောက်စိမ်းအတွဲ ၈၂၃၃၊ ကျောက်မျက်အတွဲ ၃၉၃ နဲ့ ပုလဲအတွဲပေါင်း ၂၁၃ ရောင်းချနိုင်ခဲ့တယ်လို့ တာဝန်ရှိသူကဆိုပါတယ်။ ၂၀၁၀ ဒီဇင်ဘာပြပွဲမှ အမေရိကန်ဒေါ်လာ ၂.၈ ဘီလျံ၊ ၂၀၁၁ ဇူလိုင်လ ပြပွဲမှ ဒေါ်လာ ၁.၇ ဘီလျံဖိုးရောင်းချခဲ့ရတယ်လို့လည်းသတင်းကဆိုပါတယ်။(VOB Jan,13-2012)

ရှစ်တပ်တိုက်အသစ်ပြုကျတော့မည်

ရန်ကုန် ကြည့်မြင်တိုင် အောက်လမ်းမကြီး ဆင်မင်းဈေးမှတ်တိုင်အနီးရှိ ရှစ်ထပ်တိုက်တလုံးဟာ ၁၉ ရက်မနေ့ည ၁၀ နာရီက ပြိုကျနိုင်တဲ့အထိ အက်ကွဲကြောင်းများဖြစ်လာလို့ တိုက်နေလူတွေ ဘေးလွတ်ရာမှခေတ္တပြောင်းနေကြရတယ်လို့ဆိုပါတယ်။ ဒီတိုက်ကို ၂၀၀၇ ခုနှစ်က ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အခု မီးသတ်တပ်ဖွဲ့မှ စောင့်ကြည့်နေရတယ်လို့လည်း ပြောပါတယ်။ အနီးနားရှိ တိုက်များမှ မိသားစုများကိုလည်း လေးလွတ်ရာကို ပြောင်းနေကြရတယ်လို့ဆိုပါတယ်။ (VOB Jan,20-2012)

ဒဏ်ခတ်မှု ရုတ်သိမ်းသင့်ဟု ဆို

မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုတ်သိမ်းသင့်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ရှိမြန်မာနိုင်ငံတွင်း နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုကို အခြေခံပြီးပြောဆိုပါတယ်။နိုင်ငံရေးအကျဉ်းသားအများအပြားလွှတ်ပေးလိုက်တဲ့အပေါ် ပြောင်းလဲရေးအတွက် ထူးခြားတဲ့ခြေလှမ်းတရပ်ဖြစ်တယ်လို့လည်းဆိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံသည် စစ်အာဏာရှင်အစိုးရကို အကျယ်လောင်ဆုံးဝေဖန်ခဲ့တဲ့ အစိုးရဖြစ်ပါတယ်။(AP ,Jan,16-2012)

ကံကောင်းတဲ့ ငွေများ

မေမြို့အနီး အနီးစခန်းရဲစခန်းဂိတ်မှ ကုန်ကားကြီးနှစ်စင်းကို မသင်္ကာလို့ရပ်တန့်စစ်ဆေးရာ သေတ္တာများအထဲမှ လင်းမွေ မွေပွေး မွေဟောက် ငန်းတော်ကျားစတဲ့ မွေများထည့်ထားတဲ့ သေတ္တာအလုံး ၄၀၀ ခန့်ကို ဖမ်းဆီးရမိလိုက်ပါတယ်။ ဒီလ ၁၂ ရက်နေ့ကဖမ်းမိရတဲ့မွေများကို တရုတ်နိုင်ငံကို နှစ်သစ်ကူးအမှီတင်ပို့မယ်လို့ယူဆရပြီး၊ တရုတ်လူမျိုးတွေက ဆောင်းရာသီအလွန်အေးချိန်မှာ ဒီမွေများကို အရက်နဲ့စိမ်ပြီး သောက်လေ့ရှိတယ်လို့လည်း ကြားသိဘူးပါတယ်။ (VOB Jan,17-2012)

အာဏာသိမ်းမှုမဖြစ်နိုင်

"ဒီကိစ္စနဲ့ပတ်သက်ပြီး မိမိအမြင်နဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ဒါဟာ ဖြစ်လာနိုင်စရာအကြောင်းမရှိပါဘူး၊ တာဝန်ရှိတဲ့ သူတယောက်အနေနဲ့ ပြောရရင် ဒါဟာ ဖြစ်လာနိုင်မှာမဟုတ်ပါဘူး။ လွှတ်တော်ခိုင်မြဲနေတယ်၊ လွှတ်တော်ရှိနေတယ်ဆိုရင် အာဏာသိမ်းတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊" သူရဦးရွှေမန်းပြောသွားတာဖြစ်ပါတယ်။ (VOB Jan,20-2012)

ထိုင်းကလည်း ကြိုဆို

ပြီးခဲ့တဲ့သောကြာနေ့က နိုင်ငံရေးအကျဉ်းသားအများအပြားကို သမတဦးသိန်းစိန်က လွှတ်ပေးလိုက်တဲ့အပေါ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး Surapong Tovichakchaikul ကကြိုဆိုထောက်ခံလိုက်ပါတယ်။ရှေ့ဆက်လှုမ်းဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။ အမေရိကန်နဲ့ ဥရောပသမဂ္ဂကိုလည်း ဒဏ်ခတ်ထားမှုတွေကို ပြန်လည်စဉ်းစားပေးဖို့တိုက်တွန်းသွားမယ်လို့လည်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဆိုပါတယ်။((MCOT Jan,14-2012)

ပြုတ်ကျမှာပေါ့

တောင်ညွှန့်ဆိုင်းဘုတ်တင်ပွဲ မိန့်ခွန်းပြောနေစဉ် ပရိသတ်ထဲမှ ထိုင်ခုံကျိုးကျတာကို မြင်ပြီး၊"ဒီလောက်အများကြီး ဒီခုံလေးပေါ်မှာ တက်နေရင် ပြုတ်ကျမှာပေါ့"လို့ ဒေါ်စုက ရုတ်တရက် ရယ်ရွှန်းပြောလိုက်တာကို ပရိသတ်က နှစ်သက်သဘောကျ သြဘာပေးပါတယ်။ ဒီတော့ ဒေါ်စုကပဲ "ကျမက ပိုးပိုးပြောတာပါ။ ပြည်သူတွေက အရမ်းဉာဏ်ပြေးတာပဲ"လို့ပြောတော့ ပရိသတ်က ပိုသဘောကျအားပေးကြတယ်လို့ဆိုပါတယ်။ (VOB Jan,17-2012)

တရုတ် လေသံပြောင်း

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှုတွေအပေါ် အမေရိကန်အပါအဝင် အနောက်နိုင်ငံများမှ အားတက်သရော ပူးပေါင်းကူညီပေးခဲ့ကြတဲ့အတွက် အထူးဝမ်းမြောက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ Liu Weimin က ပြောဆိုပါတယ်။ အမေရိကန်မှ သံအမတ်အဆင့် တိုးမြှင့်တော့မယ်လို့ပြောဆိုပြီးတဲ့နောက် အခုလိုထောက်ခံတဲ့ တရုတ်လေသံထွက်လာတာဖြစ်ပါတယ်။(Xinhua, Jan,16-2012)

ဂျပန်–မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစာချုပ် ချုပ်ဆိုပြီးစီးဟုဆို

Mizzima ဇန်နဝါရီ ၁၆ ။ ။ဂျပန် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာယူကီအို အီဒါနို Yukio Edano ၏ ခရီးစဉ်အတွင်း မြန်မာအစိုးရနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည့်ဖြိုးမြဖွံ့စိမ်းအင်နှင့်ပတ် ဝန်းကျင်ထိန်းသိမ်းရေး နားလည်မှုစာချွန်လွှာ နှစ်ခုသီးခြားစီ လက်မှတ်ရေးထိုးခဲ့ကြောင်း အစိုးရက သတင်းထုတ်ပြန်သည်။

အဆိုပါ စာချွန်လွှာများအနက် တခုမှာ မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညှိနှိုင်းကြားမှု ဦးစီးဌာနနှင့် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့၊ ရန်ကုန်ရုံး (JETRO-ရန်ကုန်) တို့အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာဖြစ်သည်။

အခြားတခုမှာ မြန်မာကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးမှုကော်မတီနှင့် ဂျပန်နိုင်ငံစွမ်းအင်သစ်နှင့် စက်မှုဆိုင်ရာနည်းပညာဖွံ့ဖြိုးရေးအဖွဲ့- NEDO တို့အကြား ပြည့်ဖြိုးမြဖွံ့စိမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာဖြစ်သည်။ ဇန်နဝါရီ ၁၄ ရက်နေ့က နေပြည်တော် စီမံ/ စီးပွားဝန်ကြီးဌာနတွင် နှစ်နိုင်ငံစီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးအပြီး ဝန်ကြီးဦးတင်နိုင်သိန်းနှင့် ဂျပန်ဝန်ကြီးတို့ ရှေ့မှောက်တွင် လက်မှတ်ထိုးကြခြင်း ဖြစ်သည်။

NEDO အဖွဲ့က မြန်မာနိုင်ငံ ကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးမှုကော်မတီနှင့်ပူးပေါင်း၍ ပြည့်ဖြိုးစွမ်းအင်နည်းပညာကို စမ်းသပ်အကောင်အထည်ဖော်ရန်၊ ပြည့်ဖြိုးစွမ်းအင်ဆိုင်ရာ၊ စွမ်းအင်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဟု ထုတ်ပြန်ဖော်ပြထားသည်။

ယင်းလုပ်ငန်းများကို လျှပ်စစ် ၂ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ဇန်နဝါရီ ၁၁ ရက်နေ့က ဝန်ကြီးဦးခင်မောင်စိုးနှင့် NEDO တို့ ဆွေးနွေးခဲ့ပြီးဖြစ်သည်။မြန်မာနိုင်ငံပြည်တွင်းလျှပ်စစ်သုံးစွဲမှုသည်လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်အတွင်း သုံးဆခန့်မြင့်တက်လာပြီး မြန်မာအစိုးရက ၂၀၂၀ ခုတွင် ပြည်တွင်း လိုအပ်ချက်၏ ၁၅-၂၀ ရာခိုင်နှုန်းကို ပြည့်ဖြိုးစွမ်းအင် နည်းပညာကို အသုံးပြု၍ ဖြည့်တင်းရန် အစီအစဉ်ရှိသည်ဟုလည်း NEDO က ဆိုသည်။

NEDOအနေဖြင့် မန္တလေးတိုင်းပုဂံနှင့်ညောင်ဦးမြို့နယ်များတွင် ကျေးလက်ရေရရှိရေး အဝီစိတွင်းတူးဖော်ခြင်း၊ အင်ဂျင်ဖြင့် ရေစုပ်တင်ပေးခြင်းတို့ကို လုပ်ကိုင်နေသည်။ယခုအခါကျေးလက်မီးလင်းရေးအတွက် လေအားသုံးလျှပ်စစ်၊ အသေးစားရေအားလျှပ်စစ်၊ နေရောင်ခြည်သုံး လျှပ်စစ်စွမ်းအင်ကိစ္စများ၊ သင်တန်းကိစ္စများကို နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီ ODA အောက်မှ လူစွမ်းအား ရင်းမြစ်ဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့် ယခုမှ စတင်လုပ်ကိုင်မည်ဟု စက်မှု/ကုန်သည်အသင်းချုပ် UMFCCI တွဲဘက် အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးက မဖျိမကို ပြောသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့ကလည်း ဂျပန် စီးပွား-ကူးသန်းစက်မှုဝန်ကြီး Edano ဦးဆောင်ပြီး ဂျပန်ကုန်သည်များအသင်း JICA၊ ဂျပန်ပြည်ပ ကူးသန်းရောင်းဝယ်ရေး အဖွဲ့-JETRO၊ ဂျပန်နိုင်ငံတကာဖွံ့ဖြိုးရေးကော်ပိုရေးရှင်း JODC တို့ပါဝင်လျက် UMFCCI နှင့် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ပြီး ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် သီလဝါဆိပ်ကမ်း စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးသွားသည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

ယင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သူ ဦးမြင့်စိုးက အစည်းအဝေးတွင် စာချုပ်လက်မှတ်ထိုးမှုမရှိကြောင်း "လာပြီးတော့ စုံစမ်းတာပါပဲ။ သူများတွေ မြင်တာက လာပြီး စာချုပ်တွေချုပ်ပြီး မနက်ဖြန် သဘက်ခါပဲ စပြီးအလုပ်လုပ်တော့မယ့် ပုံစံမျိုး/ မဟုတ်ပါဘူး။ ဂျပန်က အဲဒီလောက် မမြန်ဘူး" ဟု ပြောသည်။

JETRO သည် မြန်မာနိုင်ငံတွင် ကားအပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊ အစားအစာ၊ စိုက်ပျိုးရေးနှင့်အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည်။ Edano သည် ဇန်နဝါရီ ၁၁ ရက်နေ့မှ ၁၄ ရက်အထိ ၄ ရက်ကြာ ခရီးစဉ်အတွင်း အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးသိန်းစိန်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမနေအိမ်သို့ သွားရောက်တွေ့ဆုံစဉ်စီးပွားရေးတည်ငြိမ်မှုကြောင့် လူထုဘဝတိုးတက်နိုင်သည်ဟု ပြောသော်လည်းဒေါ်အောင်ဆန်စုကြည်နှင့် သူမနေအိမ်သို့ သွားရောက်တွေ့ဆုံစဉ်စီးပွားရေးတည်ငြိမ်မှုကြောင့် လူထုဘဝတိုးတက်နိုင်သည်ဟု ပြောသော်လည်းဒေါ်အောင်ဆန်စုကြည်ကမူ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ရှောင်ရှားရန်လိုအပ်သည်ဟု ကျိုတိုသတင်းတပုဒ်တွင် ဖော်ပြသည်။

ချိတ်ပိတ်ခံ ကျောင်းတိုက်နှစ်ခုအား အရှင်ဂန္ဓီရ ပြန်ဖွင့်

Mizzima ဂျန်နဝါရီ ၁၇ ။ ။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ၆ ထပ်ကြီး ကျောင်းတိုက်ဝင်းအတွင်း ချိတ်ပိတ်ခံထားရသော ကျောင်းတိုက်နှစ်ခုအား ဆရာတော် အရှင်ဂန္ဓီရက အဂ်ါနေ့နံနက် ၉ နာရီခွဲခန့်တွင် ပြန်ဖွင့်ခဲ့ကြောင်းသိရသည်။

အဆိုပါ ချိတ်ပိတ်ခံထားရသော ကျောင်းတိုက်များမှာ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်နှင့် သာသနာ့သိပ္ပံကျောင်းတိုက်တို့ ဖြစ်ကြောင်း ၆ ထပ်ကြီး ကျောင်းတိုက်ဝင်းမှ သံဃာတော်တပါးက မဖျိမကို ပြောသည်။ ၂၀၀၇ ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုခေါင်းဆောင် ကိုယ်တော်တပါးဖြစ်သည့် အရှင်ဂန္ဓီရမှာ နှစ်ရှည်ထောင်ဒဏ်ကျခံထားရရာမှ ဇန်နဝါရီ ၁၃ ရက်နေ့တွင် သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုနှင့်ပတ်သက်သည်ဟုဆိုကာ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်အား ၁.၁၁.၂၀၀၇ ရက်နေ့က လည်းကောင်း၊ သာသနာ့သိပ္ပံကျောင်းတိုက်အား ၁၃.၆.၂၀၀၈ ရက်နေ့က လည်းကောင်း နအဖအစိုးရကချိတ်ပိတ်ခဲ့ခြင်းဖြစ်သည်။

ယင်းကျောင်းတိုက်နှစ်ခုမှ ဆရာတော်နှစ်ပါးလုံးမှာ ကင်ဆာရောဂါဖြင့်ပျံလွန်တော်မူသွားကြကြောင်း သာသနာ့သိပ္ပံကျောင်းတိုက်မှ ဦးကုသလက မဖျိမကိုမိန့်ကြားသည်။

"ဦးဇင်းတို့လည်း တပတ်လောက်ဖမ်းခံရတာပဲ။ လွတ်လာတော့ ကျောင်းမှာ နေစရာမရှိတော့ဘူး။ ဟိုမှာနေလိုက် ဒီမှာနေလိုက်ပေါ့။ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်မှာ သံဃာ ၈ ပါး ရှိတယ်။ ကျောင်းထိုင်ဆရာတော်ကတော့ အဖမ်းမခံရဘူး၊ ဒါပေမယ့် ကျောင်းကို ချိတ်ပိတ်တာဆိုတော့ ဟိုမှာနေလိုက် ဒီမှာနေလိုက်ပေါ့၊ အခုတော့ ပြီးခဲ့တဲ့နှစ်ကပဲ ကင်ဆာရောဂါနဲ့ပျံလွန်သွားပါပြီ။ ကျောင်းတိုက် တခုလုံးက သံဃာတွေဖမ်းခံရတာက လွတ်လာတော့လည်း နယ်တွေကို

စာမျက်နှာ ၁၅ သို့

ပြက္ခဒိန်မှ

ဧၛဝါရီ ၁၉၊ RFA ။ ။ မြန်မာအစိုးရ ငြိမ်းချမ်းရေးကော်မတီသည် FDB မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုနှင့် DPNS လူ့ဘောင်သစ်ဒီမိုကရစ်ပါတီတို့နှင့် တွေ့ဆုံဆွေးနွေးရန် ယမန်နေ့ကကမ်းလှမ်းခဲ့ကြောင်း။

ဧန်နဝါရီ ၁၉၊ VOA ။ ။ မြန်မာအစိုးရနှင့် ကေအိုင်အေတို့ငြိမ်းချမ်းရေး ဆက်ဆွေးနွေးရန် သဘောတူ၏။

ဧန်နဝါရီ ၁၉၊ BBC ။ ။ ရွှေညဝါဆရာတော်ဦးပညာသီဟအား သာဓုကျောင်းတိုက်မှ တလအတွင်းထွက်ခွာပေးရန် သံဃာမဟာနာယကအဖွဲ့မှ ကြားနာဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံရင်ကြားစေ့ရေး ဦးထိပ်ထား၍ သံဃာ့အဖွဲ့ဆုံးဖြတ်ချက်ကို ရင်ဝယ်နှုတ်ပိတ် လက်ခံကြောင်းဆရာတော်မှဆို၏။

ဧန်နဝါရီ ၁၉၊ The Diplomat ။ ။ မြန်မာပြည်မှ နိုင်ငံရေးအရပြေးရကာ တပါးနိုင်ငံတွင်မှိခိုနေရာမှ နိုင်ငံခြားသားခံယူခဲ့သူများအား မြန်မာအစိုးသည် မြန်မာနိုင်ငံသားလည်းဖြစ်စေရန် ဒီနိုင်ငံသားစနစ်ကို သုံးသင့်ကြောင်း ဒီမိုကရေစီလှုပ်ရှားသူ ကိုဇော်ဝင်းမှဆိုကြောင်း Simon Roughneen မှ သတင်းရေး၏။

ဧန်နဝါရီ ၁၉၊ BBC ။ ။ မြန်မာအပေါ်ပိတ်ဆို့မှုများ ဖေဖော်ဝါရီလလောက်တွင် စတင်ရုပ်သိမ်းရန် ဥရောပသမဂ္ဂမှစဉ်းစားနေ၏။ အီးယူအကြီးအကဲ ကက်သလင်းအက်ရှ်တန်သည် ရှေ့လမြန်မာသို့လာဖွယ်ရှိ၏။

ဧန်နဝါရီ ၁၉၊ AP ။ ။ ကေအိုင်အို ကချင် လက်နက်ကိုင်အဖွဲ့နှင့် အစိုးရအဖွဲ့တို့ ယနေ့ထပ်မံဆွေးနွေးခဲ့၏။

ဧန်နဝါရီ ၁၉၊ NYT ။ ။ မြန်မာပြည် ကချင်ပြည်နယ်တွင် စစ်ပွဲဟောင်းသည် တဖန်ပေါက်ကွဲလျက်ရှိ၏။

ဧန်နဝါရီ ၁၉၊ Rtrs ။ ။ ထိုင်း ဆီနှင့်ရေနံဂူးဖော်ရေး PTTE သည်မြန်မာတွင် မိမိတို့ပိုင် ရေနံကွက် ၁၁ အကွက်တွင် အများစုအဖြစ်အခြေခံ၍ ကျန်သည်တို့ကို အခြားရင်နှီးသူများသို့ အနည်းစုရှာရာဝင်သူများအဖြစ် ခွဲရောင်းရန်စီစဉ်နေ၏။

ဧန်နဝါရီ ၁၉၊ Monsters and Critics ။ ။ ရွှေလိတ္တင်ကျင်းပခဲ့သည့် မြန်မာနှင့်ကချင်လက်နက်ကိုင်အဖွဲ့တို့၏ ဆွေးနွေးပွဲသည်ငြိမ်းချမ်းရေးသဘောတူညီမှုမရခဲ့ကြောင်း။

ဧန်နဝါရီ ၁၉၊ VOA ။ ။ မြန်မာ၏ပြောင်းလဲမှုများကြောင့် ကမ္ဘာ့ဘိန်းထွက်နှုန်း လျော့နည်းလာနိုင်သည်ဟု ကုလသမဂ္ဂမူးယစ်ဆေးနှင့် ရာဇဝတ်ရုံး UNODC မှဆို၏။

ဧန်နဝါရီ၁၉၊ Independent ။ ။ ဒေါ်အောင်ဆန်းစုကြည် သက်တော်ရာတော်ရှည်ပါစေဟု လူထုမှ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မှုကို လမ်းများတွင် ကြိုဆိုကြ၏။

ဧန်နဝါရီ၁၉၊ Korea JoongAng ။ ။ မြန်မာ၏ပြုပြင်ပြောင်းလဲမှုများကို မြောက်ကိုးရီးယားခေါင်းဆောင်ငယ် Kim Jong-Un သည် စူးစိုက်နေမည်ဖြစ်ပြီး ဓါတ်ကူးနိုင်ကြောင်း William Pesek မှသတင်းဝေဖန်၏။

ဧန်နဝါရီ ၂၀၊ Mizzima ။ ။ အဖျက်သိမ်းခံခဲ့ရသည့် ရှမ်းအဲန်အဲလ်ဒီ SNLD ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ALD ၊ မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦး MNDF ဖိုမိအမျိုးသားကောင်စီ ZNC တို့သည် နိုင်ငံရေးပါတီအဖြစ်ပြန်လည်မှတ်ပုံတင်မည်။

ဧန်နဝါရီ ၂၀၊ DVB ။ ။ ချင်းပြည်နယ်တွင် လူတသိန်းခန့် ငတ်မွတ်ခေါင်းပါးခြင်းနှင့်ရင်ဆိုင်နေရသည်ဟု Humanitarian Aid Relief Trust (HART) ၏ မကြာခင် ထုတ်ပြန်မည့်ကျေညာချက်မှဆို၏။

ဧန်နဝါရီ ၂၀၊ GENEVA ။ ။ မြန်မာနိုင်ငံတွင် ကလေးစစ်သည်မရှိအောင်ကြိုပမ်းမည်ဟု ၅၉ ကြိမ်မြောက် ကုလသမဂ္ဂ ကလေးအခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီအစည်းအဝေးတွင် မြန်မာအဖွဲ့မှဆို၏။

ဧန်နဝါရီ ၂၀၊ VOA ။ ။ ကြားဖြတ်ရွေးကောက်ပွဲတွင် SNLD မှ တောင်းဆိုသော်လည်း ဦးခွန်ထွန်းဦးမှ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း SNLD အစည်းအဝေးဆုံးဖြတ်ချက်မှဆို၏။

ဧန်နဝါရီ ၂၀၊ VOA ။ ။ မြန်မာအစိုးရ၏ ဇန်နဝါရီ ၁၀ နေ့ခန့်ကငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို အေဘီအက်စ်ဒီအက်ဖ်မှ လက်ခံခဲ့၏။

ဧန်နဝါရီ ၂၀၊ VOA ။ ။ ရွေးကောက်ပွဲမသာမှုများတွေ့ ရှိခဲ့ပါက ရဲဝင့်စွာ ကန့်ကွက်တိုင်တမ်းကြရန် ဒေါ်အောင်ဆန်းစုကြည်မှ လူထုသို့တိုက်တွန်း၏။

ဧန်နဝါရီ ၂၀၊ Rtrs ။ ။ ထောင်များတွင်နှိပ်စက်မှုများ ဆက်လက်ရှိနေသေးသော်လည်း သိသာစွာလျော့သွားခဲ့ကြောင်း မိမိကိုယ်တိုင်ခဲ့ရကြောင်း လွတ်လာသူ ရှစ်လေးလုံးမှကိုဌေးကြွေယ်မှဆို၏။

ဧန်နဝါရီ ၂၀၊ VOA ။ ။ ဒဇော်ခတ်ပိတ်ဆို့မှုများရုပ်သိမ်းရန် ရွေးကောက်ပွဲမျှတမှုသည်အရေးကြီးကြောင်း အမေရိကန်အမတ် John McCain မှ ယမန်နေ့က ဆို၏။

ဧန်နဝါရီ ၂၀၊ RFA ။ ။ မှားယွင်းစွဲချက်တင်ထားသောပုဒ်မများကို ပြန်လည်ယုတ်သိမ်းပေးရေးအတွက် ဆောင်ရွက်မည်ဟု နိုင်ငံရေးအကျဉ်းသားများလွတ်မြောက် ရေးအကျိုးဆောင်နေသူများအဖွဲ့မှယနေ့ဆို၏။

ဧန်နဝါရီ ၂၀၊ Diplomat ။ ။ မြန်မာသည် စစ်အစိုးရအဆက်ဆက်၏ ပညာရေးနှိပ်ကွပ်မှုများကြောင့် ပြည်ပမှမြန်မာပညာရှင်များမပါဘဲ တိုးတက်လမ်းစရန်ခက်ခဲကြောင်း Joshua Kurlantzick မှသုံးသပ်၏။

ဧန်နဝါရီ ၂၁၊ RFA ။ ။ ရွှေဝါဝေါင်တော်လှန်ရေးတွင် မတရားအဖမ်းခံခဲ့ရပြီး ဇန်နဝါရီ ၁၃ တွင် လွတ်လာသူ အရှင်ဂန္ဓိရအပါအဝင် သံဃာအပါး ၃၀ ခန့်အား ဒဂုံမြို့သစ်ပရိယတ္တိစာသင်ကျောင်းတွင် သိမ်ထပ်ပွဲကျင်းပခဲ့၏။ ရွှေညဝါဆရာတော်၊ ၈၈ ကျောင်းသားများနှင့် လူထုမှတက်ရောက်ခဲ့၏။

ဧန်နဝါရီ ၂၁၊ VOA ။ ။ ကချင်ပြည်နယ် ဟိုပင်မြို့တွင် မီးရထားလုပ်သားအရပ်သားတဦးအား စစ်တပ်အရာရှိတဦးမှ သေနတ်ဖြင့်ပစ်ခတ် တရားမဲ့သတ်ဖြတ်မှုတစ်ခုဖြစ်ပွားခဲ့၏။

ဧန်နဝါရီ ၂၁၊ RFA ။ ။ မြစ်ကြီးနား ရှမ်းစုတောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်ဖွင့်ခြင်းကို အာဏာပိုင်များမှမေးမြန်းမှုများရှိခဲ့ကြောင်း။

ဧန်နဝါရီ ၂၁၊ RFA ။ ။ ကရင်ပြည်နယ်လွတ်မြောက်ရေးတပ်ဖွဲ့ (KNLA) ခုလကုန်တွင် အပစ်အခတ်ရပ်စဲရေး အပြောသာမဟုတ် ယခင်မလုပ်ဘူးသေးသည့် အပြင့်ဆုံးအဆင့် လက်မှတ်ရေးထိုးစာချုပ်ရန်ရှိကြောင်း နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်ချုပ် Timothy မှဆို၏။

ကေအဲန်ယူငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ ရှင်းလင်းပွဲပြုလုပ်

KIC ၊ ဇန်နဝါရီ ၁၇ ။။ မြန်မာအစိုးရနှင့်တွေ့ဆုံခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့်ကရင်အမျိုးသားအစည်းအရုံး KNU ပြည်တွင်းငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်ကိစ္စရပ်များကို ဗဟိုကော်မတီဝင်များထံသို့ ယမန်နေ့က တင်ပြ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

KNU အတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က "ခရီးစဉ်တစ်လျှောက်လုံးနဲ့ပတ်သက်ပြီး EC ကို ပြန်လည်တင်ပြတယ်။ နောက်ပြီး ဆက်လက် ဆွေးနွေးရေးအတွက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားတဲ့ ကိစ္စကိုလည်း ပြန်လည်ချပြရှင်းလင်းမှုတွေလုပ်တာပါ။"ဟု ပြောသည်။

KNU စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များ ပါဝင်သည့် ၁၉ ဦးအဖွဲ့သည် ဇန်နဝါရီလ ၁၁ ရက်နေ့က စတင်ခဲ့သည့် ၅ ရက်ကြာ ခရီးစဉ်တွင် ရထားဝန်ကြီးဦးအောင်မင်း၊ စက်မှုဝန်ကြီးဦးစိုးသိန်း၊ လူဝင်မှုနှင့်ပြည်သူ့အင်အားဝန်ကြီးဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်၊ တနင်္သာရီတိုင်းပဲခူးတိုင်း၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်တို့မှ နယ်စပ်လုံခြုံရေးဝန်ကြီးများအပြင် ဒုသမ္မတစိုင်းမောက်ခမ်းနှင့်လည်းတွေ့ဆုံခဲ့ပြီး ဇန်နဝါရီလ ၁၅ ရက်နေ့ညနေတွင် ထိုင်း-မြန်မာနယ်စပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

အစိုးရနှင့် သွားရောက်တွေ့ဆုံမှုတွင် ဆွေးနွေးရန်အဆင့်သာခွင့်ပြုထားပြီး လက်မှတ်ရေးထိုးရန် မပါဝင်သောကြောင့် မကြာမီပြုလုပ်မည့် အမြဲတမ်းကော်မတီ အစည်းအဝေးတွင် KNU ဗဟိုကော်မတီအတွင်း ဆွေးနွေးသွားမည်ဟု နော်စီဖိုးရာစိန်ကဆက်ပြောသည်။

ယခုလ ၁၂ ရက်နေ့က KNU ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အစိုးရ၏ မီးရထားဝန်ကြီးဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် အပစ်အခတ်ရပ်စဲရန်၊ ဆက်ဆံရေးရုံးဖွင့်လှစ်ရန်၊ လက်နက်မပါဘဲ တနိုင်ငံလုံးသွားလာရန်နှင့် ကျန်အဆင့်များကို ဆက်လက်ဆွေးနွေးသွားရန် စသည့်အချက်များဖြင့် ပြည်နယ်အဆင့် ပဏာမသဘောတူညီခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်အရ အသေးစိတ်အချက်အလက်များကို ၄၅ ရက်အတွင်းဆက်လက်ဆွေးနွေးရန်ရှိပြီးလာမည့် ဗဟိုကော်မတီအ စည်းအဝေးတွင် ထိုကိစ္စရပ်များကို ဆွေးနွေးသွားမည်ဟုလည်း KNU က ပြောသည်။

အစိုးရနှင့် KNU အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးမှုအပေါ် မ ဟာမိတ်နှင့် အခြားတိုင်းရင်းသားအဖွဲ့များမှ ဝေဖန်မှုများမရှိသော်လည်းပြည်တွင်းပြည်ပရှိကရင်လူမှုအဖွဲ့အစည်းတချို့က ထောက်ပြဝေဖန်မှုများ ပြုလုပ်လာခဲ့ကြသည်။ မြန်မာအစိုးရအဆက်ဆက်ကို ၁၉၄၉ ခုနှစ်မှစ၍ ခုခံတော်လှန်ခဲ့သည့် KNU သည် မြန်မာအစိုးရနှင့် တရားဝင် ၆ ကြိမ်တွေ့ဆုံခဲ့ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော်လည်း ထိုကိစ္စအပေါ် ကရင်လူထုအတွင်း ဝေဖန်မှုများ အမျိုးမျိုးထွက်ပေါ် လျက်ရှိသည်။

ကြားဖြတ်ရွေးကောက်ပွဲ အဖွဲ့ချုပ်ကိုယ်စားပြု ဇေယျာသော် နေပြည်တော်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

DVB၊ ဂျန်နဝါရီ ၁၈ ။။ ကြားဖြတ်ရွေးကောက်ပွဲမှာ အဆိုတော် ဇေယျာသော်က နေပြည်တော် ပုဗ္ဗသီရိနယ်မြေမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နေပြည်တော်မဲဆန္ဒနယ် ၄ ခုမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းစာရင်းကို ဒီနေ့ထုတ်ပြန်လိုက်ရာမှာ အကျဉ်းထောင်တွေက မကြာခင်ကမှ လွတ်မြောက်လာကြသူတွေဖြစ်တဲ့ ဟစ်ဟော့အဆိုတော် ဇေယျာသော်နဲ့ မစန္ဒာမင်း (ခေါ်) ရွှီးတို့ပါဝင်လာကြပါတယ်။ မစန္ဒာမင်းက ဇဗ္ဗူသီရိ၊ ဇေယျာသော်က ပုဗ္ဗသီရိစတဲ့ မြို့နယ်တွေမှာ ဝင်ရောက်အရွေးခံကြမှာဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတုန်းကတော့ နေပြည်တော်ရှိမြို့ နယ်အားလုံးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ်တွေ ပဲ နိုင်ခဲ့တာဖြစ်ပြီး စစ်အစိုးရလက်ထက်က ထိပ်ပိုင်းခေါင်းဆောင်တွေဖြစ်တဲ့ ဦးသိန်းစိန်၊ ဦးရွှေမန်းတို့လို ပုဂ္ဂိုလ်တွေ ဝင်ပြိုင်ခဲ့တာပါ။

နေပြည်တော်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းတွေဟာ အာဏာရ ကြံ့ခိုင်ရေးပါတီနဲ့ အဓိက ယှဉ်ပြိုင်ကြရမှာဖြစ်လို့ အခုလို လူငယ်တွေနဲ့ ဝင်ရောက်အရွေးခံမယ့်အပေါ် အဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်ကအခုလိုပြောပါတယ်။

"ကျန်တဲ့နယ်တွေမှာလည်း အာဏာရပါတီတွေက တပြည်လုံးသူ တို့ဝင်ပြိုင်မှာပဲ၊ ၄၈ နေရာစလုံးဝင်ပြိုင်မှာပဲ။ အဲ့တော့ ဘယ်နေရာမဆို ရင်ဆိုင်ရမှာတူတူပါပဲ။ နေပြည်တော်မှာပဲ ရွေးပြီးတော့ အခုလိုပြိုင်တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် အခုလို အစီအစဉ်သစ်နဲ့ ဝင်ပြီးယှဉ်ပြိုင်တာက ပိုပြီး နိုင်ခြေရှိမယ်လို့ တွက်လို့ ကျနော်တို့ လုပ်တာပါ။"

နေပြည်တော်၊ ပုဗ္ဗသီရိနယ်မြေက ဝင်ပြိုင်မယ့် ကိုဇေယျာသော်ကို ဆက်သွယ်မေးကြည့်တော့ အဲ့ဒီနယ်မြေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပါတီဘယ်နှစ်ခုရှိလဲဆိုတာနဲ့ ကြံ့ခိုင်ရေးပါတီကဘယ် သူဘယ်ဝါဝင်ပြိုင်မယ်ဆိုတာ မသိသေးဘူးလို့ပြောပါတယ်။ ဝင်ပြိုင်မယ့် နယ်မြေက ပြည်သူတွေ ယုံကြည်ရွေးချယ်ချင်အောင် ဘယ်လို လုပ်သွားမလဲဆိုတာနဲ့ပတ်သက်လို့ သူက ခုလိုပြောပါတယ်။

"အစပထမမှာ မိမိရဲ့ဆန္ဒတွေ မိမိရဲ့ သဘောထားတွေကို ထုတ်ဖော်တဲ့နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူအနေနဲ့ ရပ်တည်ခဲ့တာပါ။ အဲ့ဒီကနေမှ အခုအချိန်မှာဆို နိုင်ငံရေးသမားတယောက်အဖြစ်ရပ်တည်ဖို့ စပြီးတော့ ခြေလှမ်း လှမ်းတာပါ။ စပြီးတော့ ကြိုးစားတာပါ။ လိုအပ်နေတဲ့ လိုအပ်ချက်တွေကတော့ အများကြီးရှိမှာပါပဲ။

ဒါတွေကိုလည်း ကျနော့်အနေနဲ့ တဖြည်းဖြည်း လေ့လာ သင်ယူသွားရမှာပါ။ ကျနော့်အနေနဲ့ ပြောနိုင်တာကတော့ ကျနော်ဟာ လူငယ်တယောက်ဖြစ်တဲ့အတွက်ကြောင့်မို့ လူငယ်တယောက်ရဲ့ လတ်ဆတ်တဲ့ ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ပြောကြားပါရစေခင်ဗျ။"

အဖွဲ့ချုပ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းစာရင်းတွေကို ဇန်နဝါရီ ၁၂ရက်ကစပြီး ထုတ်ပြန်ကြေညာခဲ့ရာ ဒီနေ့မှာ ၄၈ နေရာ စလုံးအတွက် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

မြောင်းမြအကျဉ်းထောင်က လွတ်မြောက်လာခဲ့သော မစန္ဒာမင်းက နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်၊ မန္တလေးအိုးဘိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ မိုးကုတ်မြို့ကကိုမင်းသူက ဥတ္တရသီရိမြို့နယ်၊နိုင်ငံရေးအကျဉ်းသားဟောင်းကိုနိုင်ငံလင်းက ဒဂုံဏသီရိမြို့နယ်တွေမှာ NLD ပါတီကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုကို အီးယူပြန်လည်သုံးသပ်မည်

VOA ၊ ဇန်နဝါရီ ၁၈ ။ ။ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေး ပိတ်ဆို့အရေးယူမှုကို ဖယ်ရှားပေးသင့် မပေးသင့် အီးယူ ဥရောပသမဂ္ဂက ဆုံးဖြတ်တော့မှာ ဖြစ်ပါတယ်။ အီးယူ နိုင်ငံခြားရေးဝန်ကြီးတွေဟာ လာမယ့် တနလ်ာနေ့မှာ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေကိုဆွေးနွေးကြမှာ ဖြစ်သလိုပဲ အီးယူရဲ့ နိုင်ငံခြားမူဝါဒရေးရာအကြီးအကဲ Catherine Ashton ဟာလည်း မြန်မာနိုင်ငံကိုသွားရောက်ဖို့ရှိပါတယ်။ ဒီအကြောင်း ဒေါ်ခင်မျိုးသက်က တင်ပြပေးထား ပါတယ်။

အီးယူ ဥရောပသမဂ္ဂက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူဒဏ်ခတ်ထားမှုတွေအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေကို ပြင်ဆင်ဖို့အတွက် လာမယ့်တနလ်ာနေ့ရောက်ရင် အီးယူ နိုင်ငံခြားမူဝါဒရေးရာအကြီးအကဲ ကက်သရင်း အက်ရှ်တွန် ဦးဆောင်ပြီး ဘရပ်ဆဲလ် (Burssels) မှာ ဆွေးနွေးဖို့ရှိတယ်လို့ မစ္စအက်ရှ်တွန်ရဲ့ ပြောခွင့်ရ မိုက်ကယ် မန်း (Michael Mann) က ဋ္ဌိအိုအေကို ပြောပါတယ်။

"အီးယူ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံက နိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေအားလုံးဟာ အီးယူ နိုင်ငံခြားမူဝါဒရေးရာအကြီးအကဲ ကက်သရင်း အက်ရှ်တွန် ဦးဆောင်ပြီး မြန်မာ့အရေးကို တနလ်ာနေ့မှာဆွေးနွေးကြမှာဖြစ်ပါတယ်၊အဲဒီမှာအီးယူရဲ့မြန်မာနိုင်ငံဆိုင်ရာမူဝါဒကိုဘယ်လိုပြောင်းမယ်ဆိုတာဆွေးနွေးကြမှာပါ၊ အဖွဲ့ဝင်နိုင်ငံတွေကဘယ်လိုတင်ပြကြမယ်ဆိုတာမသိရသေးပေမဲ့ မြန်မာဟာလမ်းကြောင်းမှန်ပေါ်ကို ဦးတည်ပြောင်းလဲနေပြီလို့ အားလုံးက မြင်ကြတာမို့ အီးယူရဲ့ မြန်မာဆိုင်ရာမူဝါဒကို ဘယ်လောက်နှုန်းထားနဲ့ ပြောင်းကြမယ်ဆိုတာ ဆုံးဖြတ်ကြမှာပါ။ အစည်းဝေးအပြီးမှာတော့ ကြေညာချက်ထုတ်ပြန်မှာ ဖြစ်ပါတယ်။"

မြန်မာနိုင်ငံမှာ ၂၀၁၀ ရွေးကောက်ပွဲကျင်းပပေးခဲ့တာနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေလွှတ်ပေးခဲ့ပေမဲ့ အီးယူ နိုင်ငံခြားရေးဝန်ကြီးတွေဟာ မနှစ်က ဇူလိုထဲမှာ မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုကို သက်တမ်းတနှစ် ထပ်ပြီးတိုးခဲ့ပါတယ်။

အခု မြန်မာနိုင်ငံမှာ မှန်ကန်တဲ့အပြောင်းအလဲတွေ တွေ့နေရပြီဆိုပေမဲ့ တချို့အီးယူအဖွဲ့ဝင်နိုင်ငံတွေက မြန်မာ့အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ရှိနေသေးတာနဲ့ ဇူလိုရွေးကောက်ပွဲမှာ ပွင့်လင်းသန့်ရှင်းမှု ရှိမရှိကို စောင့်ကြည့်ချင်သူတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့ အီးယူရဲ့ ဇူလိုအစည်းဝေးမတိုင်ခင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒနဲ့ပတ်သက်ပြီး သဘောထားကို သိဖို့ လိုတာမို့ ဒီတနလ်ာနေ့ အစည်းဝေးမှာ အဖြေထုတ်ကြတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံကအပြောင်းအလဲတွေကို လက်တွေ့သိနိုင် ဖို့အတွက်အီးယူရဲ့ နိုင်ငံခြားမူဝါဒရေးရာအကြီးအကဲ ကက်သရင်းအက်ရှ်တွန်ဟာလည်း မြန်မာနိုင်ငံကို သွားရောက်ဖို့ရှိတယ်လို့ မိုက်ကယ် မန်းကပြောပါတယ်။

"ကက်သရင်း အက်ရှ်တွန်ဟာ မြန်မာနိုင်ငံကို သွားဖို့ရှိပါတယ်။ အခုချက်ချင်း မဟုတ်သေးပါဘူး။ သွားမယ့်ရက် အတိအကျမပြောနိုင်သေးပေမယ့် သူဟာ မြန်မာနိုင်ငံကို သွားမှာပါ။"

မြန်မာနိုင်ငံကို အရေးယူဒဏ်ခတ်မှုတွေ ချမှတ်ထားတဲ့အီးယူနိုင်ငံတွေက နိုင်ငံခြားရေး ဝန်ကြီးတွေဟာ မကြာခင်လတွေအတွင်းမှာပဲ မြန်မာနိုင်ငံကို သွားရောက်ပြီး ဆန်းစစ်မှုတွေ လုပ်ခဲ့ကြပါတယ်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး William Hague က မြန်မာအစိုးရအနေနဲ့လုပ်စရာတွေ အများကြီးရှိနေသေးတယ်လို့ပြောကြားခဲ့ပေမဲ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alain Juppe ကတော့ သမ္မတဦးသိန်းစိန်ကို တကယ့်ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသူလို့ မြင်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ထားမှုကို အီးယူက ဘယ်လိုဆုံးဖြတ်မယ်ဆိုတာနဲ့ ပတ်သက်ပြီး မြန်မာ့အရေးဆောင်ရွက်နေတဲ့ ဥရောပရုံး တာဝန်ခံဦးဟန်ညောင်ရွှေရဲ့ အမြင်ကို ကြည့်ရအောင်ပါ။

"ကျနော့်အနေနဲ့ မြင်တာကတော့ ရုပ်သိမ်းဖို့ များလာတာပေါ့။ ဘာကြောင့်လည်းဆိုရင် အကျဉ်းသမားတွေလည်း လွှတ်ပြီ။ အကုန်မလွှတ်ပေမဲ့ တော်တော်များများအရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ လွှတ်ပြီးပြီ။ ပြီးတော့မှ ဒီတိုင်းရင်းသားတိုက်ပွဲတွေလည်း တော်တော်များများငြိမ်သွားပြီဆိုတော့ကျနော်ထင်တာတော့အလားအလာရှိပါတယ်။ကျနော်တို့ ဗမာထဲမှာကတော့ မရုပ်သိမ်း စေချင်သေးဘူးပေါ့နော်။

အခု အပြောင်းအလဲတွေက တကယ်ယုံရလား၊ မယုံရလား အဲဒီ လိုမျိုး စိုးရိမ်တဲ့လူတွေရှိပါတယ်။ ဒါပေမဲ့ ဥရောပသမဂ္ဂ အစိုးရအနေနဲ့က ကျနော်နားလည်သလောက်ကတော့ သူတို့ကတော့ အခုလို မျိုးအပြောင်းအလဲ ဖြစ်လာတယ်ဆိုရင် ပိုပြီးမှ ပြောင်းလဲအောင်အားပေးဖို့လိုမယ်။ အခုလိုမျိုး သူတို့က လုပ်လာပြီးတော့မှ ဘာမှအသိအမှတ်မပြုဘူး၊ ဘာမှအားမပေးဘူးဆိုရင် ဒီဟာက နောက်ဆုတ်သွားနိုင်တယ်ဆိုတဲ့သဘောထားတော့ရှိတယ်လို့ ကျနော်နားလည်ပါတယ်။"

အီးယူ နိုင်ငံခြားရေးဝန်ကြီးတွေအနေနဲ့ ဒီအရေးယူ ဒဏ်ခတ်မှုကို ဇူလိုလ ဆုံးဖြတ်ချက်ချတဲ့ အချိန်အထိ စောင့်မနေဘဲ အချိန်မရွေး ရုပ်သိမ်းပေးနိုင်တယ်လို့လည်း ပြောပါတယ်။

မြန်မာနိုင်ငံအပေါ် အရေးယူ ဒဏ်ခတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ကို တနလ်ာနေ့မှာ ကြားကြရမှာဖြစ်ပေမဲ့ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုတွေ တိုးလာစေဖို့အတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီတွေကိုတော့ ဥရောပသမဂ္ဂနိုင်ငံတွေက တိုးပေးဖို့ဆုံးဖြတ်ချက်တော့ ပါဝင်နိုင်တယ်လို့ မျှော်လင့်ရပါတယ်။

စာမျက်နှာ ၁၂ မှ

ပြန်ကြွရတာပေါ့"ဟု မိန်ကြားသည်။

ချိတ်ပိတ်ခံကျောင်းတိုက် နှစ်ခုလုံးကို ပြန်လည်ဖွင့်ပေးရေးအတွက် နအဖ လက်ထက်က ဝိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တကြိမ်၊ ယခု အစိုးရသစ် ရန်ကုန်ဝန်ကြီးချုပ်ထံသို့ တကြိမ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ထံသို့ တကြိမ် စာတင်ပြီး တောင်းဆိုခဲ့သော်လည်း အကြောင်းမထူးကြောင်း ဦးကုသလ က မိန့်သည်။

၆ ထပ်ကြီး ကျောင်းတိုက်ဝင်းတွင် ၂၀၀၇ ခုနှစ် မတိုင်မီက သံဃာအပါး ၁၀၀၀ ကျော်ခန့်ရှိကြောင်း၊ ရွှေဝါရောင်လှုပ်ရှားမှု နောက်ပိုင်းသံဃာများအား လက်မခံရဲတော့သည့်အတွက် အပါး ၃၀၀ ကျော်သာကျန်ရှိတော့ကြောင်း ကိုယ်တော်တပါးကမိန့်သည်။

ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ရပ်သိမ်းရေးမှာ ရွေးကောက်ပွဲတရားမျှတမှုအရေးပါ

VOA ဇန်နဝါရီ ၁၉။ ။အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ဒဏ်ခတ်အရေးယူမှုတွေကို ပြန်ပြီးတော့ ရုပ်သိမ်းရေးမှာ ဇပြီလမှာ ကျင်းပမယ်လို့ မြန်မာ အစိုးရက ကြေညာထားတဲ့ ကြားဖြတ် ရွေးကောက်ပွဲက ဘယ်လောက်များ အရေးပါပါသလဲ။ ဒီမိုကရေစီရေး အတိုက်အခံတွေအပေါ် မြန်မာအစိုးရက ရိုးသားမှုနဲ့ ပွင့်လင်းမှုတွေ အပြင် ခွဲခြားမှုမရှိဘဲ ဆက်ဆံလာမယ်ဆိုရင် အနောက်နိုင်ငံတွေက ချမှတ်ထားတဲ့ အရေးယူဒဏ်ခတ်မှုတွေ ရုပ်သိမ်းလာနိုင် တယ်လို့ မြန်မာ့အရေးလေ့လာနေတဲ့ အမေရိကန်ပညာရှင်တဦးက ပြောပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဖြစ်လာခဲ့တဲ့နောက် ဒဏ်ခတ်မှုတွေနဲ့ အရေးယူထားတဲ့ အနောက်နိုင်ငံတွေက မြန်မာအစိုးရနဲ့ ဆက်ဆန်ရေးကို တိုးမြှင့်လာခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံကနှစ်ပေါင်း ၅၀ အတွင်း နိုင်ငံခြားရေးဝန်ကြီးအဆင့် ပထမဆုံးမြန်မာနိုင်ငံကို လာရောက်ခဲ့သလို အဓိကပါတီကြီးတွေကို ကိုယ်စားပြုတဲ့အမေရိကန် လွှတ်တော်အမတ်တွေဟာလည်း ကိုယ်တိုင် လေ့လာဆန်းစစ်ဖို့ လာရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံအတွက် လေ့လာဆန်းစစ်မှုတွေကို ဆက်ပြီးလုပ်ဆောင်မယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက အင်ဂါနေ့က ပြောကြားခဲ့ပြီးတဲ့နောက် ကြာသပတေးနေ့မှာတော့ အထက်လွှတ်တော် အမတ် ဂျိုးလီဗာမင် Joe Lieberman နဲ့အတူ ဒီယက်နမ်နိုင်ငံကိုရောက်နေတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း John McCain က မြန်မာနိုင်ငံက လက်ရှိအနေအထားတွေအရ အမေရိကန်ပြည်ထောင်စုက တုံ့ပြန်မှုတွေလုပ်ဖို့ရှိပြီး ဒါဟာ စီးပွားရေးပိတ်ဆို့အရေးယူ ဒဏ်ခတ်ထားမှုကို ရုပ်သိမ်းပေးဖို့ ဒါမှမဟုတ် ဒဏ်ခတ်မှုတွေထဲက တချို့ကို ပြန်ပြီး ရုပ်သိမ်းဖို့ စဉ်းစားနိုင်တယ်လို့ ရိုက်တာသတင်းဌာနကို ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုတွေကို ရုပ်သိမ်းပေးနိုင်ဖို့အတွက် အနောက်နိုင်ငံတွေက ဘယ်အချက်တွေပေါ်မူတည်ပြီး စဉ်းစားတာပါလဲဆိုတာ သိရဖို့ မြန်မာ့အရေး တစိုက်မတ်မတ်လေ့လာနေတဲ့ အမေရိကန်ပြည်ထောင်စု ရတ်ဂါးစ် Rutgers တက္ကသိုလ်ကဂုဏ်ထူးဆောင် ပါမောက္ခဂျိုးဆက် ဆီးလ်ဗာစတိုင်း Joseph Silverstein ကို မေးကြည့်ပါတယ်။

"မြန်မာနိုင်ငံက အပြောင်းအလဲတွေအတွက် အနောက်နိုင်ငံတွေက ကြိုဆိုကြတယ်။ ဒါပေမယ့် ဘယ်နိုင်ငံကမှ အကောင်းမြင်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်းထုတ်မပြောကြပါဘူး။ဒေါ်အောင်ဆန်းစုကြည်နဲ့အစိုးရ ပထမဆုံးတွေ့ဆုံဆွေးနွေးချိန်ကစပြီး အားလုံးက သတိနဲ့ စောင့်ကြည့်နေကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အတိုက်အခံတွေကို အစိုးရက လေးလေးစားစားနဲ့ ခွဲခြားမှုမရှိဘဲ ဆက်ဆံရဲ့လား၊ရိုးသားမှုရှိရဲ့လား၊ဆိုတာကို စောင့်ကြည့်နေကြတာပါ။ ဒီလို ရှိလာမယ်ဆိုရင်အမေရိကန်အစိုးရရဲ့ ထက်ထက်သန်သန် ကြိုးစား နေမှုကို အနောက်နိုင်ငံတွေက လက်ပိုက် ကြည့်မနေဘဲ ချက်ချင်းပူးပေါင်းပါဝင်လာမှာ ဖြစ်ပါတယ်"

အမေရိကန်၊ အီးယူ ဥရောပသမဂ္ဂနဲ့ အနောက်နိုင်ငံတွေက မြန်မာအစိုးရဘက်က ရိုးသားပွင့်လင်းမှုအတိုင်းအတာကို စောင့်ကြည့်နေကြတဲ့အထဲက အဓိက ဘယ်အချက်မျိုးကို မျှော်လင့်နေကြတာပါလဲ။

"သူတို့က ချက်ချင်း မတုံ့ပြန်ကြသေးဘဲ ရွေးကောက်ပွဲနောက်ပိုင်းမှာ ဘာတွေ ဖြစ်လာမလဲဆိုတာကို စောင့်ကြည့်နေကြပါတယ်။ ဒါက အခုတွေ့ရတဲ့ သူတို့ရဲ့ မြန်မာနိုင်ငံ အပြောင်းအလဲအတွက် အတိုင်းအတာတမျိုးပါ။ အရင်တုန်းက သူတို့ တိုင်းတာတဲ့ပေတံက မြန်မာအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တိုက်ပွဲတွေရပ်စဲဖို့ပါ။ ဒီတိုက်ပွဲတွေဟာ ကချင်ဒေသမှာဖြစ်နေတာ အခုထိ မရပ်စဲသေးပါဘူး။

အခု ကျနော်တို့ စောင့်ကြည့်ရမှာက လွှတ်တော်က လုပ်ရပ်ပါ။ ဒေါ်အောင်ဆန်းစုကြည် အရွေးခံရရင် လွှတ်တော်မှာ သူရသင့်တဲ့ ထိုက်ထိုက် တန်တန်နေရာမျိုးပေးပါ့မလား။ လွှတ်တော်ကိုယ်စားလှယ်တွေကို သူတို့အရွေးကောက်ခံနယ်မြေ လူထုနဲ့ လွတ်လွတ်လပ်လပ်တွေ့ဆုံဆွေးနွေးခွင့်ရပါ့မလား။ ဒါတွေကို ကြည့်ရမှာပါ"

အခု အမေရိကန်နဲ့တကွ အနောက်နိုင်ငံတွေက စောင့်ကြည့်နေတဲ့ ပထမ အဆင့်ဖြစ်တဲ့ ကချင်ဒေသတိုက်ပွဲတွေဟာ အခုထိ အဆုံးမသတ်နိုင်သေးပါဘူး။ ဒုတိယအဆင့်ဖြစ်တဲ့ လွှတ်တော်လုပ်ရပ်ကို စောင့်ကြည့်နေကြရာမှာ ဒီလွှတ်တော်ဟာ အစိုးရနဲ့အတိုက်အခံတို့ကြား အပြန်အလှန်လေးစားမှုရှိမရှိ၊ ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ခွင့်ရှိမရှိနဲ့ ရွေးကောက်ပေးလိုက်တဲ့ ဒေသခံပြည်သူတွေ သူတို့ ဆန္ဒထုတ်ဖော်နိုင်ဖို့အတွက် လွတ်လွတ်လပ်လပ်တွေ့ဆုံခွင့် ပေးမပေးကို အဓိကထားစောင့်ကြည့်နေတယ်လို့ ဆီးလ်ဗာစတိုင်းကပြောပါတယ်။

အရှေ့တောင်အာရှဒေသကို ခရီးထွက်လာတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာ မကြာခင်မှာ မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်ပါတယ်။ ရန်ကုန်နဲ့ နေပြည်တော်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ရော မြန်မာအစိုးရတာဝန်ရှိသူတွေနဲ့ပါ တွေ့ဆုံမှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ ဒီအပြောင်းအလဲလုပ်ဆောင်မှုတွေကို အမေရိကန်လွှတ်တော်က ဘယ်လိုပံ့ပိုးကူညီမှုတွေ ပေးနိုင်မယ်ဆိုတာတွေကို ဆွေးနွေးဖို့ရှိပါတယ်။

အချုပ်အခြာ အာဏာကို ပြည်သူသာ ပိုင်ရမည်

လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

ခင်မမမျိုး

ယခင်အပတ်အဆက်

ဒါပေမယ့် ဒီမိုကရေစီစနစ်ဆိုတာ လူထုဆီက အာဏာသက်ဆင်းတဲ့စနစ်ဖြစ်တာကြောင့် ဒီလိုပြဿနာတွေကိုလွတ် လပ်ပွင့်လင်းတဲ့မီဒီယာတွေ၊ အာဏာရနိုင်ငံရေးပတီတွေကို တခြားပါတီနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေက ပြန်လှန်စောင့်ကြည့်မှုတွေ၊ လာဘ်ပေးလာဘ်ယူကိစ္စတွေကိုထိန်းချုပ်နိုင်တဲ့အုပ်ချုပ်ရေးယန္တရားတွေနဲ့ ဖြေရှင်းသွားနိုင်မှာဖြစ်တယ်။

ဒီမိုကရေစီဆိုတာ စနစ်တခုဖြစ်ပြီး၊ ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်ဆိုတာက တခြားစနစ်တွေကနေ ဒီမိုကရေစီစနစ်ကို ပြုပြင်တည်ဆောက်တဲ့ ဖြစ်စဉ်တရပ်သာဖြစ်တယ်။ အာဏာရှင်စနစ်နဲ့ ကွာခြားတာက အာဏာရှင်စနစ်ကို လူတွေရဲ့ စိတ်နေစိတ်ထားတွေ၊ အတ္တတွေ၊ လောဘ၊ မောဟက ထိန်းချုပ်မောင်းနှင်ပြီး၊ ဒီမိုကရေစီစနစ်မှာကျတော့ စနစ်ရဲ့ တန်ဖိုးတွေ၊ ယုံကြည်ချက်တွေက လူတွေရဲ့ အတ္တတွေ၊ လောဘ၊ မောဟတွေကို ထိန်းချုပ်မောင်းနှင်တာဖြစ်တယ်။ အာဏာရှင်ဘက်တော်သားတွေက မကောင်းဘူးလို့ တထစ်ချပြောလို့မရသလို ဒီမိုကရေစီဘက်တော်သားတွေကိုလဲသူတော်စင်တွေလို့ဘယ်သူမှတပ်အပ်မပြောနိုင်ဘူး။ ပိုက်ဆံလက်ထဲ မရှိခင်မှာ ဟိုလူ၊ ဒီလူ ကူညီဖို့စဉ်းစားသူတွေဟာ လက်ထဲ ပိုက်ဆံတကယ်ရောက်လာတဲ့အချိန်မှာ ကိုယ့်အကျိုးနဲ့ ကိုယ့်မိသားစုအတွက် ပိုပြီးဦးစားပေးကြတာပဲ။ ဒါဟာ အပြစ်ဆိုစရာမဟုတ်ဘူး။ လူ့သဘာဝပဲဖြစ်တယ်။

ဒီလို လူ့အတ္တတွေကို အာဏာရှင်စနစ်က တွန်းအားပေးတယ်။ အာဏာရယူလိုစိတ်၊ အာဏာဆုပ်ကိုင်ထားလိုစိတ်၊ အာဏာနဲ့ ပျော်မွေ့တဲ့စိတ်တွေဟာ အာဏာရှင်စနစ်က တွန်းပို့ပေးတဲ့စိတ်နေ စိတ်ထားတွေပဲဖြစ်တယ်။ ဒီမိုကရေစီစနစ်က ကျတော့ ဒီလိုလူ့အတ္တတွေကို ထိန်းချုပ်လိုက်တယ်။ လူအများ ဆန္ဒနဲ့ လူအများအကျိုးကို ဆောင်ရွက်ဖို့ လူအများက ရွေးချယ်ထားသူတွေဟာ အများအကျိုးမကြည့်ပဲ ကိုယ့်အတ္တနောက်ကိုပဲ လိုက်နေတာကိုဒီမိုကရေစီစနစ်က ခွင့်မပြုဘူး။ ဒါကြောင့် လူထုတရပ်လုံးရဲ့ အနာဂတ်တိုးတက်ရေးကို ပြည်သူလူထုအပေါ်မှာ အခြေတည်တဲ့ ပြည်သူ့ ဒီမိုကရေစီစနစ်ကသာ ဖော်ဆောင်ပေးနိုင်တာဖြစ်တယ်။

တချို့က နိုင်ငံရေးအတွေးအခေါ်နဲ့ ဘက်လိုက်မှုတွေမှာလူကို အခြေခံပြီး စဉ်းစားဆုံးဖြတ်တတ်ကြတယ်။ စနစ်ပေါ်အခြေခံမစဉ်းစားကြဘူး။ ဒီလိုလူမျိုးတွေဟာ ဒီမိုကရေစီအင်အားစုတွေထဲကလူတွေရဲ့ အားနည်းချက်တွေ၊ အတ္တတွေကို တွေ့လာ၊ သိလာတဲ့ အခါကျတော့ ဒီမိုကရေစီလှုပ်ရှားမှုအပေါ် အထင်အမြင်လွဲလာတောတွေရှိတယ်။ ဒါဟာ လူအပေါ်မှာ အခြေတည်စဉ်းစားမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေရဲ့ ရလာဒ်တွေပဲဖြစ်တယ်။ လူ့စိတ်ဆိုတာ အင်မတန်ဆန်းကျယ်တယ်။ အချိန်၊ နေရာ၊ အခြေအနေတွေဟာ လူတွေရဲ့စိတ်ကို လွှမ်းမိုးနိုင်တယ်။ အခြေအနေ၊ အချိန်အခါအရ လူသတ်မှုကျူးလွန်သွားမိသူ အများစုဟာ မကျူးလွန်ခဲ့စဉ်တုန်းက လူအချင်းချင်း သတ်ဖြတ်တာဟာ မကောင်းဘူးလို့ လက်ခံခဲ့ကြသူတွေချည်းပါပဲ။ ဒါပေမယ့် အသိတခုနဲ့ မပြီးဘူး။ ဒါကြောင့် ထိန်းချုပ်ပေးဖို့ဥပဒေဆိုတာ ပေါ်လာတယ်။ ဒီမိုကရေစီဆိုတာလဲ ဒီလိုပဲ။ အစိုးရအုပ်ချုပ်ရေးယန္တရားနဲ့ ဒီယန္တရားထဲကလူတွေကို ထိန်းချုပ်ပေးတဲ့ စနစ်သာလျှင်ဖြစ်တယ်။

ဒီတော့ ဒီမိုကရေစီဘက်တော်သားတွေရဲ့ စနစ်နဲ့ မကိုက်ညီနိုင်တဲ့ အတ္တတွေ၊ လုပ်ရပ်တွေဟာလဲ ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်စလာတဲ့အခါမှာ စနစ်က ပြန်ထိန်းချုပ်သွားမှာပဲဖြစ်တယ်။ စနစ်နဲ့ မကိုက်ညီသူတွေကို စနစ်က ဖယ်ရှားပစ်လေ့ရှိတာ ခမ္မတာသာဖြစ်တယ်။တိုင်းပြည်တခုမှာ စနစ်ဆိုးရှိနေရင် စနစ်ဆိုးနဲ့ မကိုက်ညီသူတွေပြည်ပထွက်တာများပြီး brain drain ဆိုတဲ့ ဦးနှောက် ယိုစီးမှုပြဿနာဖြစ်လေ့ရှိတယ်။ စနစ်ကောင်းကို ပြန်တည်ဆောက်တဲ့အခါ brain gain ဖြစ်လာတတ်စမြဲပါပဲ။ ဒီအခါမှာ စနစ်နဲ့ မကိုက်ညီတဲ့ လူတွေရဲ့ စိတ်တွေကို စနစ်က ပြုပြင်မှာ ဖြစ်သလို၊ ပြုပြင်လို့ မရသူတွေကလဲ စနစ်ကနေ လွှင့်ထွက်သွားမှာပါပဲ။ ဒါကြောင့် လူတွေကို ကြည့်ပြီး စနစ်ရေးရာကို ဆုံးဖြတ်လို့ မရဘူးဆိုတာ လူအများ သိနားလည်ဖို့ လိုအပ်ပါတယ်။

ဒီလိုလူတွေရဲ့ အာဏာ၊ ငွေကြေးနဲ့ပတ်သက်ပြီး ဖောက်လွဲဖောက်ပြန်ဖြစ်တတ်တဲ့ သဘာဝတွေကို ထိန်းချုပ်နိုင်တဲ့ ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာဖို့အတွက် လူထုလှုပ်ရှားမှု တွေဟာ အလွန်ပဲအရေးကြီးပါတယ်။

လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်

လူထုလှုပ်ရှားမှုတွေဟာ ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်တလျှောက်လုံးမှာ အလွန်ပဲအရေးကြီးလှပါတယ်။ နိုင်ငံရေးပညာရှင်တွေက လူထုလှုပ်ရှားမှုတွေရဲ့ အခန်းကဏ္ဍကို ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် အဆင့်ငါးဆင့်ခွဲပြီး ပုံဖော်ပြသကြပါတယ်။ ပထမအဆင့်ကတော့ ဆန့်ကျင်တော်လှန်ရေး (resistance) အဆင့်ဖြစ်ပါတယ်။ မိသားစုအတွင်းမှာ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းက အစပြုလို့ အာဏာရှင်စနစ်အမြစ်တွယ်နေတဲ့ ထုံးတမ်းစဉ်လာတွေကို ဆန့်ကျင်တာ၊ နိုင်ငံရေးလှုပ်ရှားမှု ကွန်ယက်တွေတည်ဆောက်တာတွေဖြစ်ပါတယ်။ အလုပ်သမား၊ ကျောင်းသား၊ တောင်သူလယ်သမား၊ ဘာသာရေးအဖွဲ့အစည်းတွေအပါအဝင် လူထုလူတန်းစားအလွှာမျိုးစုံအကြားမှာ ဒီမိုကရေစီပြောင်းလဲမှုကို ထောက်ခံအားပေးမှုရှိလာအောင် စည်းရုံးလှုံ့ဆော်ပေးရမှာဖြစ်ပါတယ်။ ဒီကနေတဆင့် အာဏာရှင်ဆန့်ကျင်ရေးကွန်ယက်ကြီးကို တည်ဆောက်ရမှာဖြစ်ပါတယ်။ဒီကွန်ယက်တည်ဆောက်မှုဟာ အဆုံးအဖြတ်ပေးမယ့် လူထုတိုက်ပွဲအတွက် အလွန်ပဲအရေးကြီးပါတယ်။ ချီလီ၊ ပိုလန်၊ အာဂျင်တီးနားနိုင်ငံတွေမှာ ဘာသာရေးအဖွဲ့အစည်းတွေက ဒီမိုကရေစီလှုပ်ရှားမှု ကွန်ယက်တွေကို ထောက်ခံပေးခဲ့ကြတယ်။ ကွန်ယက်ချိတ်ဆက်လှုပ်ရှားမှုတွေအတွက် အထောက်အကူပေးခဲ့တယ်။

တချို့ ဒီမိုကရေစီ လှုပ်ရှားမှုတွေမှာကျတော့ ဒီကွန်ယက်တည်ဆောက်မှုကို အားကောင်းအောင် မတည်ဆောက်ပဲ လူထုကို အတင်း

စာမျက်နှာ ၁၈ သို့

ကရင်နီဒေသ ဖရူးဆိုးမြို့နယ်နဲ့ ဒီဇောဆိုးမြို့နယ် ဘိန်းစိုက်မှု ပိုများလာ

KIC ၊ ဇန်နဝါရီ ၁၇ ။ ။ ကရင်နီဒေသအတွင်းရှိ ဖရူဆိုးမြို့နယ် အနောက်ဘက်ခြမ်းနှင့် ဒီမောဆိုးမြို့နယ် အနောက်ဘက်ခြမ်းရှိ တောင်ယာစိုက်ပျိုးမြေများပေါ်တွင် ဘိန်းစိုက်ပျိုးမှု တနှစ်ထက်တနှစ် ပိုများလာကြောင်း ကရင်နီသတင်းနှင့် ပြန်ကြားရေးဌာနက ပြောပါတယ်။

"အရင်ကဆို ဇော ရာဂဏန်းလောက်ပဲ စိုက်ကြတယ်။ အခုဆို တော်တော်ကို များလာတယ်လို့ပြောရမယ်။ အကြမ်းဖျင်းပေါ့။ ဇော သုံးထောင်ကျော်ရှိလာနေပြီး။ ခန့်မှန်းခြေပေါ့နော်။ ဒေသခံ ၅၀ ရာခိုင်နှုန်းလောက်က ဘိန်းစိုက်လာကြတယ်။" ကရင်နီသတင်းနှင့် ပြန်ကြားရေးဌာနမှ ဆရာဒယ်နီယာက ပြောပါတယ်။

ကရင်နီဒေသအတွင်းရှိ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပြီး ယခုဆိုလျှင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတခုအဖြစ်လုပ် ကိုင်စားသောက်လာသည်အထိဖြစ်လာနေပြီလို့ သူကပြောပြပါတယ်။

အရင်က အဲဒီဒေသမှာ ဒေသခံတို့က တောင်ယာစပါးစိုက်ပျိုးခြင်းဖြင့် ပြောင်းဖူး၊ မြေပဲ၊ နှမ်းအစရှိတဲ့ သီးနှံများကို စိုက်ပျိုးခဲ့ကြသော်လည်း အခုဆို အဲဒီသီးနှံထက် ဝင်ငွေလည်းကောင်းကာ အထွက်နှုန်းမြန်ဆန်တဲ့ ဘိန်းကို အစားထိုးစိုက်ပျိုးရန် စိတ်ဝင်စားလာကြခြင်းဖြစ်ပါတယ်။

ဖရူဆိုဒေသခံတဦးပြောတာက "သီးနှံစိုက်တာလုပ်ရတာလည်း ခက်ခဲတယ်။ ဝင်ငွေလည်းသိပ်မကောင်းဘူး။ ဘိန်းစိုက်မယ်ဆိုရင် အထွက်လည်းမြန်တယ်။ ဝင်ငွေက သီးနှံစိုက်တာထက်ကို အဆပေါင်းများစွာ ဝင်ငွေပိုရတော့ လူတွေက ဘိန်းစိုက်ဖို့စိတ်ဝင်စားလာတာပေါ့။ တဖြည်းဖြည်းလည်း များလာတာပေါ့။"။

ကရင်နီဒေသအတွင်းရှိ ဘိန်းစိုက်ပျိုးမှုကို သက်ဆိုင်ရာ ပြည်နယ်အာဏာပိုင်တို့က ဖျက်ဆီးပစ်ရန် ဒေသအခြေစိုက်တပ်ရင်းများကို ညွှန်ကြားထားမှုရှိသော်လည်း စစ်တပ်တို့ကတာဝန်ကျရုံလောက်သာ လုပ်သွားတဲ့ အတွက်ဘိန်းစိုက်ခင်းများ ပျက်စီးမသွားသည့်အပြင်တိုးချဲ့စိုက်ပျိုးမှုများလည်းရှိလာတာလို့ ဆရာဒယ်နီယာကပြောပါတယ်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၅နှစ်ဆက်တိုက် မြင့်တက်လာသည်ဟု ဖော်ပြထားသည်။ ယခုနှစ်ပိုင်းအတွင်း ဘိန်းဈေးနှုန်းမြင့်တက်ခဲ့သဖြင့် တိုင်းရင်းသားဒေသများအတွင်း ဘိန်းစိုက်ပျိုးမှုများပြားလာသည်ဟုလည်း ရှမ်းပြည် မူးယစ်ဆေးဝါး ဧောင့်ကြည့်ရေးအဖွဲ့ကလည်း ပြောဆိုထားသည်။

စာမျက်နှာ ၁၇ မှ

တွန်းပြီး လှုပ်ရှားခိုင်းတတ်ကြတယ်။ ဒီအဆင့်မပါပဲလူထုတိုက်ပွဲခေါ်တတ်ကြတယ်။ သက်ဆိုင်ရာနီးစပ်သူများနဲ့ အစုအဖွဲ့လေးတွေဖွဲ့ပြီး လူထုလှုပ်ရှားမှုကို ဇောင်းတင်ကြတယ်။ အဲဒီလို လှုပ်ရှားမှုတွေက အောင်မြင်နိုင်ချေနည်းပါးတယ်။ ဘာလို့လဲဆိုတော့ကွင်းလယ်ခေါင်မှာ ယာယီတဲလေးတွေသွားထိုးတာနဲ့တူလို့ပဲဖြစ်တယ်။ လေပြင်းမုန်တိုင်းလဲကျရော ဒီယာယီတဲလေးတွေက အလွယ်တကူပြိုပျက်သွားပြန်ရော။ အုတ်မြစ်မခိုင်ပဲ အိမ်ဆောက်လို့မရဘူး။ အိမ်မှာ မှ အထပ်ပေါင်းများစွာပါတဲ့ တိုက်ကြီးတွေဆိုရင်အချိန်ယူ အုတ်မြစ်ချရတယ်။ တချို့ ဒီမိုကရေစီလှုပ်ရှားမှုတွေကျတော့လဲ လူထုထဲမှာ မတည်ဆောက်ပဲ နီးရာစုပြီးအဖွဲ့ဖွဲ့ကြတာတွေ သိပ်အားသန်ပြန်ရော။ ဘာနဲ့တူလဲဆိုတော့ အိမ်မဆောက်ပဲ ခေါင်မိုး ထုတ်လုပ်ရေးလုပ်တာနဲ့တူတယ်။ ခေါင်မိုးတွေပဲရှိပြီး အုတ်မြစ်ရှိဖို့ နေနေသာသာ၊ အိမ်ရဲ့ structure တောင် စာရွက်ပေါ်မှာမရှိဖြစ်နေတဲ့ လှုပ်ရှားမှုတွေ အာရှနဲ့ အာဖရိကက ဒီမိုကရေစီလှုပ်ရှားမှုတွေမှာ ရှိနေဆဲပဲဖြစ်တယ်။

ဒီလိုနဲ့တည်ဆောက်မှုတွေ လုပ်ပြီး ကွန်ယက်တွေချိတ်ဆက်လာကြတဲ့အခါ အခြေအနေကိုကြည့်ပြီး တိုက်ပွဲငယ်၊ တိုက်ပွဲလတ်၊ တိုက်ပွဲကြီးတွေ ပုံဖော်ရတယ်။ တိုက်ပွဲမဖော်ဆောင်ရင် ညီညွတ်ရေးဆိုတာ တည်ဆောက်လို့ မဖြစ်နိုင်တာကြောင့်ပဲ။ ညီညွတ်ရေးဆိုတာ တိုက်ပွဲနဲ့ပေါင်းစပ်ပြီးမှတည်ဆောက်ရတာဖြစ်တယ်။ တချို့ဒီမိုကရေစီလှုပ်ရှားမှုတွေကျတော့ တိုက်ပွဲမရှိပဲ ညီညွတ်ရေးတည်ဆောက်မှုကို ဇောင်းပေးလုပ်ကြ၊ အချိန်ကုန်နေကြပြန်တယ်။ တိုက်ပွဲအဆင့်မရှိပဲ ညီညွတ်ပါတယ်ဆိုရင် ဒီညီညွတ်ရေးက တကယ့်ညီညွတ်ရေးတော့ ထွက်လာမှာ မဟုတ်ဘူး။ စာရွက်ညီညွတ်ရေးပဲ ဖြစ်လာမှာပဲ။ ကမ္ဘာမှာ အောင်မြင်ခဲ့တဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တွေမှာကတော့ ဒီစာရွက်ညီညွတ်ရေးပုံစံတွေ ခေတ်မစားခဲ့ဘူး။ အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်၊ ဘာသာရေးလှုပ်ရှားမှု၊ မြို့ပြလူထု လှုပ်ရှားမှု၊ လယ်သမား လှုပ်ရှားမှုစတဲ့ တိုက်ပွဲတွေကနေတဆင့် တိုင်းပြည်တခုလုံးရဲ့လူထူလူတန်းစားအလွှာအသီးသီးပါဝင်လာတဲ့ညီညွတ်ရေးကို ဖော်ဆောင်နိုင်ခဲ့ကြတယ်။ ဒီအဆင့်ကို upsurge of mobilization အဆင့်လို့ ပညာရှင်တွေက သတ်မှတ်ကြတယ်။ ဒီအဆင့်မှာ လူထုတိုက်ပွဲအားကောင်းလာတဲ့အခါ အာဏာရှင် စနစ်ပြိုလဲသွားတယ်။

ဒါပေမယ့် အာဏာရှင်စနစ်ပြိုလဲတယ်ဆိုတာ အုပ်ချုပ်ရေးယန္တရားတခုလုံး ပြိုလဲသွားတာမဟုတ်ဘူး။ ခေတ္တရပ်ဆိုင်းသွားတာ ပဲဖြစ်တယ်။ ဒါကိုပြန်ပြီး ဘယ်သူက အသက်သွင်းမလဲ။ အာဏာရှင်ဟောင်းဘက်တော်သားတွေက အသက်သွင်းနိုင်မလား၊ ဒီမိုကရေစီဘက်တော်သားတွေက အသက်သွင်းနိုင်မလား။ အာဏာရှင်ဟောင်း ဘက်တော်သားတချို့နဲ့ ဒီမိုကရေစီဘက်တော်သားတချို့ ပူးပေါင်းပြီးအသက်သွင်းနိုင်မလား။ ဒီအဆင့်ကို transition to procedural democracy လို့ ပညာရှင်တွေက သတ်မှတ်ထားတယ်။ အဓိက ထွက်လာရမယ့်ရလာဒ်ကတော့ ကြားဖြတ်အစိုးရပဲ။ ကြားဖြတ်အစိုးရမထွက်လာ မချင်း ဒီအဆင့်မအောင်မြင်သေးဘူးလို့ဆိုနိုင်တယ်။ ကြားဖြတ်အစိုးရဆိုတာမှာလဲ ဒီမိုကရေစီဘက်တော်သားတွေက ဦးဆောင်ဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရ၊ အာဏာရှင်ဘက်က ပြုပြင်ပြောင်းလဲလိုသူတွေကဦးဆောင်ဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရ၊ ဒီမိုကရေစီနဲ့ အာဏာရှင်ဘက်တော်သားတွေပူးပေါင်းဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရဆိုပြီးရှိသလို တခါတရံ ဘယ်လိုမှ ညှိမရတဲ့ ဘက်နှစ်ဘက်အကြားမှာနိုင်ငံတကာက ခေတ္တလာအုပ်ချုပ်ပေးတဲ့ ကြားဖြတ်အစိုးရဆိုပြီးပုံစံအမျိုး မျိုးရှိတယ်။

ဆက်လက်ဖော်ပြပါမည်

ကချင်လွတ်မြောက်ရေးအဖွဲ့နဲ့ ဦးသိန်းစိန်အစိုးရ နိုင်ငံရေး တွေ့ဆုံညှိနှိုင်းဆွေးနွေး

Mizzima ဇန်နဝါရီ ၁၇ ။ ။ မြန်မာအစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တို့ ဗုဒ္ဓဟူးနေ့တွင် နိုင်ငံရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲပြုလုပ်မည်ဟု KIO ကပြောသည်။

ဦးအောင်သောင်းခေါင်းဆောင်သော ၁၃ ဦးပါ ပြည်ထောင်စု ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံ ရှေလီမြို့တနေရာတွင် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး KIO ဘက်မှ ၁၂ ဦး ရွေးချယ်ထားကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။KIO အနေဖြင့် အခြားသော လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့ အစည်းများကဲ့သို့ ဦးစွာ အပစ်အခတ်ရပ်စဲမည်မဟုတ်ဘဲ နိုင်ငံရေးလမ်းကြောင်းကိုသာ အဓိကထား ဆွေးနွေးမည်ဟု ဦးလနန် က မဏ္ဍိမကိုပြောသည်။

"အပစ်အခတ်ရပ်စဲရေးကိစ္စဟာ နိုင်ငံရေးပြဿနာကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ အကျိုးသက်ရောက်မှုတွေပဲ။ ဒါကြောင့် နိုင်ငံရေးကို ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းကြမလဲ၊ ခိုင်ခိုင်မာမာနဲ့ အားလုံး ထင်သာမြင်သာ ရှင်းရှင်းလင်းလင်းဖြစ်မယ့် နိုင်ငံရေးဆွေးနွေးမှုလမ်းစဉ်ကို ကျနော်တို့အဓိကလမ်းကြောင်းပေါ်လွင်အောင်အဓိကဦးစားပေးဆွေးနွေးသွားဖို့ရှိတယ်ခင်ဗျ" ဟု ဦးလနန်ကပြောသည်။

၁၉၉၄ ခုနှစ်က အပစ်အခတ်ရပ်စဲထားခဲ့သည့် KIO မှာ ၂၀၁၁ ဇွန်လပိုင်းတွင် အစိုးရတပ်နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

"အပစ်အခတ်ရပ်စဲရေးလုပ်ပြီး နိုင်ငံရေးကို နောက်မှပဲ ပြောဆိုကြမယ်ဆိုတဲ့ဟာက ၁၇ နှစ်ပတ်လုံး ကျနော်တို့ရရှိခဲ့တဲ့ သင်ခန်းစာအရ ကျနော်တို့အတွက် ဘာမှအာမခံချက်မရှိဘူးဖြစ်နေတယ်" ဟု ဦးလနန်ကပြောသည်

"တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိနိုင်ရေးအတွက်နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းကာ ဖြေရှင်းသွားနိုင်ရန်" တွက် ပြည်ထောင်စုအစိုးရ ငြိမ်းချမ်းရေးအဖွဲ့နှင့် ဆွေးနွေးမှုစတင်ဆောင်ရွက်မည်ဟု ဇန်နဝါရီ ၁၇ ရက်နေ့ ရက်စွဲဖြင့် KIO ဗဟို ကော်မတီကသတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၁၂ ရက်နေ့က အစိုးရနှင့် အပစ်ရပ် လက်မှတ်ရေးထိုးခဲ့သည့် KNU ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူး ပဒိုစောဒေးဗစ်ထောက "စစ်တိုက်ရင်း ဆွေးနွေးမယ်ဆိုရင် အခက်အခဲရှိနိုင်တဲ့အတွက်ကြောင့် KIO အနေနဲ့ အဲဒီဟာကို ထည့်သွင်းစဉ်းစားစေချင်တယ်။ ... အကယ်၍ အပစ်ကိုရပ်ပြီးတော့ ဆွေးနွေးမယ်ဆိုရင် ပိုပြီးချောမွေ့မယ်လို့ ကျနော်မြင်ပါတယ်။ ဆွေးနွေးခြင်းက အကောင်းဆုံးအဖြေပဲလို့ ကျနော်မြင်ပါတယ်" ဟုပြောသည်။

ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့အား သီးသန့်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း အမိန့်စာကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က KIO ကို ပေးပို့ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဆွေးနွေးခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးအောင်နိုင်ဦးက "KNU က စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်သွားတော့ လက်တွေ့နောက်ဆုံး တိုက်နေတာက KIO တခုပဲရှိနေတော့ သူ့တဖွဲတည်းကျန်တော့တဲ့ အနေအထားဖြစ်သွားတယ်။ ဆိုတော့ KIO အပေါ်မှာ Pressure က တကယ်များလာတယ်။ "

"နှစ်ဖက်လုံးက စကားပြောဖို့ ကြိုးစားနေတာတော့ ရှိတာပေါ့နော်၊ ဒါပေမယ့် အခက်အခဲကတော့ရှိနေတယ်။ အစိုးရဘက်ကလည်း သူ့ပေါ်လစီသူရှိနေတယ်၊ KIO ကလည်း သူ့ပေါ်လစီ သူရှိနေတယ်၊ ဒါပေမယ့် အောက်ခြေတပ်မှာဖြစ်နေတဲ့ ပြဿနာတွေကလည်း ရှိတာပေါ့။ ဘယ်လောက်အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာပြောဖို့ခက်တယ်" ဟု ပြောသည်။

ဆွေးနွေးပွဲအတွက် KIO ကိုယ်စားလှယ်အဖွဲ့ ရှေလီမြို့သို့ ထွက်ခွါသွားကြပြီဖြစ်သော်လည်း အစိုးရ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာမှ ဗုဒ္ဓဟူးနေ့ဆွေးနွေးပွဲ ဖြစ်မြောက်နိုင်သည်ဟု ဦးလနန်ကပြောသည်။

ကချင်ပြည်နယ်နှင့် နယ်စပ်လိုင်ဇာတွင် တိုက်ပွဲဖြစ်ပွားနေရာနှစ်ဖက်သဘောထားတင်းမာနေသည့်အတွက် ပြည်ပတနေရာမှာ ဆွေးနွေးထားဖို့ ပြင်ဆင်ထားခြင်းဖြစ်သည်ဟုလည်း ဦးလနန်က ဆိုသည်။ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကို ဦးအောင်သောင်းနှင့်ဦးသိန်းဇော် ခေါင်းဆောင်ပြီး သမ္မတ ဦးသိန်းစိန်က ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကို ရထားဝန်ကြီးဦးအောင်မင်းက ဦးဆောင်သည်။

ဦးအောင်သောင်းနှင့် ဦးသိန်းဇော်ခေါင်းဆောင်သော အဖွဲ့မှ ဝ' ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် မိုင်းလားအဖွဲ့တို့နှင့် အပစ်ရပ်သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည်။

ဦးအောင်မင်းအဖွဲ့မှ ကရင်အမျိုးသားအစည်းအရုံး KNU၊ ချင်းအမျိုးသား တပ်ဦး CNF၊ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-S) တို့က အပစ်အခတ်ရပ်စဲ သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သည်။

ကျန်နိုင်ငံရေးအကျဉ်းသား ဒေါ်စုစိစစ်မည်

RFA ဇန်နဝါရီ ၁၆ ။ ။ မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား ဘယ်နှစ်ဦး ကျန်နေသေးသလဲဆိုတာ စိစစ်မယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံကိုရောက်ရှိနေတဲ့ အမေရိကန်အထက်လွှတ်တော်အမတ် Mr. Mitch McConnell နဲ့ တတ္တသိုလ်ရိပ်သာလမ်းနေအိမ်မှာတွေ့ဆုံအပြီး ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ အဲဒီလို ပြောကြား လိုက်တာပါ။ အန်အယ်လ်ဒီကပေးပို့တဲ့စာရင်းကိုအခြေခံပြီး နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးတယ်လို့ ပြီးခဲ့တဲ့ စနေနေ့က နေပြည်တော်မှာ ပြုလုပ်တဲ့ အစိုးရသတင်းစာရှင်းလင်းပွဲမှာ ပြည်ထဲရေးဝန်ကြီး ဒုတိ ယဗိုလ်ချုပ်ကြီးကိုကိုကပြောပါတယ်။

အခု လွှတ်လိုက်တဲ့စာရင်းကို အန်အယ်လ်ဒီက စိစစ်နေပြီး နိုင်ငံရေးအကျဉ်းသား ဘယ်နှစ်ဦးကျန်နေသေးလဲဆိုတာ ကြည့်ပြီး ဆက်လက်ဆောင်ရွက်ရပါမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ နေပြည်တော်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲကို တက်ရောက်ခဲ့တဲ့ သတင်းထောက်တစ်ဦးက အာအက်ဖ်အေကို ခုလို ပြောပြထားပါတယ်။

"နိုင်ငံရေးအကျဉ်းသား တကယ်လွှတ်လိုက်တာ ၃၀၂ ဦး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများပေါ့။ ၁၂၈ ဦး ကျန်နေတယ်။ အဲဒီ ၁၂၈ ဦးက ရာဇဝတ်မှုနဲ့ပတ်သက်တဲ့လူတွေလို့ ပြောတယ်။ ပြစ်မှုကြီး ဆယ်ခုနဲ့ ငြိနေတဲ့ဥစ္စာပေါ့"

ကြည့်မြင်တိုင်က လူအခွင့်အရေးလှုပ်ရှားသူ ဦးမြင့်အေးလို ဖောက်ခွဲမှုစွဲချက်တင်ခံရသူတွေအပါအဝင် နိုင်ငံရေးအကျဉ်းသား အများအပြား မလွတ်မြောက်သေးဘူးလို့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေက ပြောဆိုနေကြပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲ အဖွဲ့ချုပ်ကိုယ်စားပြု ဇေယျာသော် နေပြည်တော်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

DVB၊ ဂျန်နဝါရီ ၁၈ ။ ။ ကြားဖြတ်ရွေးကောက်ပွဲမှာ အဆိုတော် ဇေယျာသော်က နေပြည်တော် ပုဗ္ဗသီရိနယ်မြေမှာ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ် ကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နေပြည်တော်မဲဆန္ဒနယ် ၄ ခုမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းစာရင်းကို ဒီနေ့ ထုတ်ပြန်ရာမှာ အကျဉ်းထောင်တွေက မကြာခင်ကမှ လွတ်မြောက်လာကြသူတွေဖြစ်တဲ့ ဟစ်ဟော့အဆိုတော် ဇေယျာသော်နဲ့ မစန္ဒာမင်း (ခေါ်) ရွှီးတို့ပါဝင်လာကြပါတယ်။ မစန္ဒာမင်းက ဇဗျူသီရိ၊ ဇေယျာသော်က ပုဗ္ဗသီရိ စတဲ့မြို့နယ်တွေမှာ ဝင်ရောက် ရွေးကောက်ခံကြမှာဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတုန်းကတော့ နေပြည်တော်ရှိ မြို့နယ်အားလုံးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ်တွေပဲ နိုင်ခဲ့တာဖြစ်ပြီး စစ်အစိုးရလက်ထက်ကထိပ်ပိုင်းခေါင်းဆောင်တွေဖြစ်တဲ့ ဦးသိန်းစိန်၊ ဦးရွှေမန်းတို့လိုပုဂ္ဂိုလ်တွေ ဝင်ပြိုင်ခဲ့တာပါ။နေပြည်တော်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းတွေဟာ အာဏာရ ကြံ့ခိုင်ရေးပါတီနဲ့ အဓိက ယှဉ်ပြိုင်ကြရမှာဖြစ်လို့ အခုလို လူငယ်တွေနဲ့ ဝင်ရောက်အရွေးခံမယ့်အပေါ် အဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်ကအခုလိုပြောပါတယ်။

"ကျန်တဲ့နယ်တွေမှာလည်း အာဏာရပါတီတွေက တပြည်လုံးသူတို့ဝင်ပြိုင်မှာပဲ၊ ၄၈ နေရာစလုံးဝင်ပြိုင်မှာပဲ။ အဲ့တော့ ဘယ်နေရာမဆို ရင်ဆိုင်ရမှာတူတူပါပဲ။ နေပြည်တော်မှာပဲ ရွေးပြီးတော့ အခုလို ပြိုင်တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် အခုလို အစီအစဉ်သစ်နဲ့ ဝင်ပြီး ယှဉ်ပြိုင်တာက ပိုပြီး နိုင်ခြေရှိမယ်လို့ တွက်လို့ ကျနော်တို့ လုပ်တာပါ။"

နေပြည်တော်၊ ပုဗ္ဗသီရိနယ်မြေက ဝင်ပြိုင်မယ့် ကိုဇေယျာသော်ကို ဆက်သွယ်မေးကြည့်တော့ အဲ့ဒီနယ်မြေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပါတီဘယ်နှစ်ခုရှိလဲဆိုတာနဲ့ ကြံ့ခိုင်ရေးပါတီက ဘယ် သူဘယ်ဝါ ဝင်ပြိုင်မယ်ဆိုတာ မသိသေးဘူးလို့ပြောပါတယ်။ ဝင်ပြိုင်မယ့်နယ်မြေက ပြည်သူတွေ ယုံကြည်ရွေးချယ်ချင်အောင် ဘယ်လိုလုပ်သွားမလဲဆိုတာနဲ့ပတ်သက်လို့ သူက ခုလိုပြောပါတယ်။

"အစပထမမှာ မိမိရဲ့ဆန္ဒတွေ မိမိရဲ့ သဘောထားတွေကို ထုတ်ဖော်တဲ့နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူအနေနဲ့ ရပ်တည်ခဲ့တာပါ။ အဲ့ဒီကနေမှ အခုအချိန်မှာဆို နိုင်ငံရေးသမားတယောက်အဖြစ် ရပ်တည်ဖို့ စပြီးတော့ ခြေလှမ်း လှမ်းတာပါ။ စပြီးတော့ ကြိုးစားတာပါ။ လိုအပ်နေတဲ့ လိုအပ်ချက်တွေကတော့ အများကြီး ရှိမှာပါပဲ။

ဒါတွေကိုလည်း ကျနော့်အနေနဲ့ တဖြည်းဖြည်း လေ့လာသင်ယူသွားရမှာပါ။ ကျနော့်အနေနဲ့ ပြောနိုင်တာကတော့ ကျနော်ဟာ လူငယ်တယောက်ဖြစ်တဲ့အတွက်ကြောင့်မို့ လူငယ်တယောက်ရဲ့ လတ်ဆတ်တဲ့ ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ပြောကြားပါရစေခင်ဗျ။"

အဖွဲ့ချုပ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းစာရင်းတွေကို ဇန်နဝါရီ ၁၂ရက်ကစပြီး ထုတ်ပြန်ကြေညာခဲ့ရာ ဒီနေ့မှာ ၄၈ နေရာ စလုံးအတွက် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

မြောင်းမြအကျဉ်းထောင်က လွတ်မြောက်လာခဲ့သော မစန္ဒာမင်းက နေပြည်တော် ဇဗျူသီရိမြို့နယ်၊ မန္တလေး အိုးဘိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ မိုးကုတ်မြို့က ကိုမင်းသူက ဥတ္တရသီရိမြို့နယ်၊ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုနိုင်ငံလင်းက ဒကွိဏသီရိမြို့နယ်တွေမှာ အန်အယ်လ်ဒီပါတီ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

ဘုရား ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်